# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ် (၀၆၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ ကွပ်ကဲမှုအောက်တွင်ရှိသည့် တပ်မတော်စက်ရုံများအနေဖြင့် ပြည်ပနိုင်ငံထုတ် စစ်ဝတ်တန်ဆာပလာများအပေါ် အမှီအခိုကင်းပြီး မိမိတပ်မတော်၏ ပြည်တွင်းစက်ရုံများတွင် ထုတ်လုပ်သော အရည်အသွေးမြင့် စစ်လက်နက်ပစ္စည်းများဖြင့် တပ်မတော်တစ်ရပ်လုံး၏ လိုအပ်ချက်များကို ပြည့်ဝစွာ ဖြည့်ဆည်းပေးလျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ (၇၅)နှစ်မြောက် စိန်ရတုစစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁

(၇၅) နှစ်မြောက် စိန်ရတု **စစ်လက်နက်ပစ္စည်း တပ်ဖွဲ့နေ့** အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အဆိုပါ (၇၅) နှစ်မြောက် စိန်ရတု **စစ်လက်နက်ပစ္စည်း တပ်ဖွဲ့နေ့** အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်အတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအတွင်းရေးမှူး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တိုက်ရိုက် (Live) ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၁

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား ကျင်းပပုံများကို ဒီဇင်ဘာ ၂ ရက်နေ့ နံနက် ၇ နာရီ ၂၅ မိနစ်မှစတင်၍ MRTV HD Channel ၊ MWD HD Channel ၊ MWD Variety HD Channel ၊ Skynet FUTURE 5 Channel နှင့် MRTV Web & App တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

## ယနေ့ *ဖတ်စရာ*


မသန်စွမ်းသူများဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြပါစို့ — ဆောင်းပါး | စာ ၁၀

တရုတ် – ဥရောပ ကုန်စည်ပို့ဆောင်ရေး ရထားဝန်ဆောင်မှုများ စဉ်ဆက်မပြတ်တိုးတက် — ကုန်သွယ်စီးပွား | စာ ၁၇

လူထုအားကစား တစ်ခေတ် ဆန်းသစ် စေချင်ပါသည် — ဆောင်းပါး | စာ ၁၈

# နိုင်ငံနှင့် ပြည်သူအတွက် လျှပ်စစ်ဓာတ်အား အကြမ်းဖက်သတ်ဖြတ်ဖျက်ဆီးမှုများ ပြည်သူအားဖြင့် ဆန့်ကျင်တားဆီး

လျှပ်စစ်ဓာတ်အားသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးကြီးသလို နေ့စဉ်လူနေမှုဘဝများအတွက်လည်း အရေးကြီးသည်။ တစ်နှစ်ထက်တစ်နှစ် ပိုမို၍ လိုအပ်ချက်မြင့်မားလာနေသော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်နေပြီး ၂၀၃၀ ပြည့်နှစ်တွင် ရာနှုန်းပြည့် ဖြည့်ဆည်းနိုင်ရန် ရည်မှန်းထားသည်။ ထို့ပြင် နှစ်စဉ်အမေရိကန်ဒေါ်လာ နှစ်ဘီလီယံဖိုးခန့် တင်သွင်းနေရသည့်စက်သုံးဆီများ ဝယ်ယူနေရမှုကို လျှော့ချနိုင်ရေးအတွက် ပြည်တွင်းရှိ ဒီဇယ်ဆီသုံးသည့် စက်မှုလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လျှပ်စစ်စွမ်းအင်ကို အစားထိုးသုံးစွဲသွားရန် မျှော်မှန်းထားရာ ပြည်တွင်းရှိ အရင်းအမြစ်ပေါင်းစုံတို့မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သွားနိုင်ရန်လည်း နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည်။

"မိမိတို့နိုင်ငံတွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့် ရေအရင်းအမြစ်များစွာရှိကြောင်း၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းသည် အရင်းအနှီးကြီးမားသော်လည်း ရေရှည်အတွက် ကောင်းမွန်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းသည်လည်း များစွာ အကျိုးဖြစ်ထွန်းစေကြောင်း၊ မကြာမီကာလအတွင်း နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးချနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။ ပြည်တွင်းကုန်ထုတ်လုပ်ရေးတွင် အရေးပါသည့် စက်မှုလုပ်ငန်းများအတွက် လျှပ်စစ်စွမ်းအင်သည် မရှိမဖြစ်လိုအပ်သည့်အလျောက် ရေအား၊ နေရောင်ခြည်၊ နျူကလီးယား စသည်ဖြင့် နည်းလမ်းပေါင်းစုံဖြင့် ဓာတ်အား ထုတ်လုပ်နိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

နိုင်ငံနှင့် ပြည်သူတို့၏ လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားကို တိုးချဲ့ထုတ်လုပ်၊ ဖြန့်ဖြူးနိုင်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိရာ NUG နှင့် ၎င်း၏ လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူတို့၏ လုပ်ကြံသတ်ဖြတ်မှု၊ ဖောက်ခွဲဖျက်ဆီးမှု၊ နှောင့်ယှက်တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများကို ၂၄ ကြိမ် လုပ်ကြံပစ်ခတ်ခံခဲ့ရပြီး ဓာတ်အားပေးစက်ရုံ၊ ခွဲရုံ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများကို ၂၀၉ ကြိမ် ဖောက်ခွဲပစ်ခတ်ဖျက်ဆီးခံခဲ့ရသည်။ မဟာဓာတ်အားလိုင်း တာဝါတိုင် ၄၈ တိုင်နှင့် ဖြန့်ဖြူးရေးလိုင်း ၄၉ တိုင် ဖောက်ခွဲဖျက်ဆီးခံရသဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်လျက်ရှိသည့် ဓာတ်အား ၁၆၀ မဂ္ဂါဝပ်ခန့် လျော့နည်းခဲ့ရသည်။ လျှပ်စစ်ဝန်ထမ်း ၁၉ ဦး အသက်ပေးဆပ်ခဲ့ရပြီး ၅၆ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများကို အကြမ်းဖက်သတ်ဖြတ်၊ ဖောက်ခွဲဖျက်ဆီးခြင်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို နောက်ကျနှောင့်နှေးစေသည့်အပြင် ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝများအတွက် အခြေခံလိုအပ်ချက်ကို ဖျက်ဆီးခြင်းဖြစ်သည်။ ပြည်သူလူထု၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ထိခိုက်ဆုံးရှုံးပျက်စီးစေသည့် အကြမ်းဖက် အဖျက်လုပ်ရပ်များကို ဆန့်ကျင်တားဆီးချေမှုန်းရာတွင် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး"

UNITE! Activism to End Violence Against Women & Girls

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက် မှ ဒီဇင်ဘာလ (၁၀)ရက်

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဥပဒေ အသိပညာပေး

ရန်ကုန် ဒီဇင်ဘာ ၁

မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း(MRPDA) ရန်ကုန်တိုင်းက ကြီးမှူး၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဥပဒေ အသိပညာပေးသင်တန်း(၉/၂၀၂၂)ကို နိုဝင်ဘာ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ Sky Star ဟိုတယ်၌ ဖွင့်လှစ်သည်။



"ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီးတော့ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းလုပ်ကိုင်နေတဲ့ သူတွေမှာ မဖြစ်မနေ ဒီသင်တန်းကို တက်ရောက်ဖို့ လိုအပ်လာတာကြောင့် ဒီသင်တန်းကို စီစဉ်ဖွင့်လှစ်ပေးရခြင်း ဖြစ်ပါတယ်။ ဒီသင်တန်းတွေက နောက်ပိုင်းမှာ ကျွန်တော်တို့အသင်းရဲ့အသိအမှတ်ပြု အိမ်ခြံမြေအကျိုးဆောင် လက်မှတ်ရဖို့အတွက်လည်း အထောက်အကူပြုပါတယ်"ဟု မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးအောင်ထွန်းက ပြောသည်။

သင်တန်းကို ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသားအကျိုးဆောင်များအတွက် ပို့ချပေးခဲ့ရာ အသင်းဝင် အိမ်ခြံမြေအကျိုးဆောင်များ၊ အသင်းဝင်မဟုတ်သည့် အိမ်ခြံမြေအကျိုးဆောင်များ အပါအဝင် သင်တန်းတက်ရောက်သူ ၁၀၀၀ ခန့် စာရင်းပေးတက်ရောက်ကြသည်။ အသင်းအနေဖြင့် ယခု ကိုးကြိမ်မြောက် သင်တန်းအပါအဝင် သင်တန်းသား ၃၀၀၀ ကျော်အား သင်တန်းဆင်းလက်မှတ် ပေးအပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဥပဒေ အသိပညာပေးသင်တန်းအား ဒီဇင်ဘာ ၃ ရက်တွင်လည်း မန္တလေးမြို့ရှိ Great Wall ဟိုတယ်၌ ဆက်လက်ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ ထိုသင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် အိမ်ခြံမြေအလုပ်လုပ်ကိုင်နေကြသည့် အကျိုးဆောင်များအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ အပါအဝင် နိုင်ငံတော်၏ အကျိုးကိစ္စရပ်များကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်နိုင်ကြရန် ရည်ရွယ်ကြောင်း သိရသည်။ မင်းခ

## ကိုဗစ် - ၁၉ ကူးစက်ခံပြည်သူများအား ဂျပန်နိုင်ငံမှ လှူဒါန်းသည့် ဆန်များ ထောက်ပံ့ပေးအပ်

ကျောက်တော် ဒီဇင်ဘာ ၁

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းကြောင့် ရောဂါကူးစက်ခံရသူ ပြည်သူများအတွက် အာဆီယံပေါင်းသုံးနိုင်ငံ၏ APTERR Tier 3 အစီအစဉ်ဖြင့် ဂျပန်နိုင်ငံမှ လှူဒါန်းသည့် ဆန်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။



အခမ်းအနားတွင် ကျောက်တော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာညွန့်က အမှာစကား ပြောကြားပြီး ကျောက်တော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဇော်သန့်အောင်က ဆန်များ ထောက်ပံ့ပေးအပ်ရခြင်း အကြောင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမောင်ဝင်းနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းတွင် ရောဂါကူးစက်ခြင်းခံခဲ့ရသည့် ပြည်သူအား APTERR Tier 3 အစီအစဉ်ဖြင့် ဂျပန်နိုင်ငံမှ လှူဒါန်းသော ဆန်များကို ထောက်ပံ့ပေးအပ်သည်။ (ဓာတ်ပုံ) အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခြင်းခံခဲ့ရသည့် ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခင်မောင်ထွန်း (ပြန်/ဆက်)

## ကျောက်ဖြူပုစွန်သားဖောက်စခန်းမှ ပထမအကြိမ် ရေငန်ပုစွန်သားပေါက် သုံးသန်း ထုတ်လုပ်ဖြန့်ဖြူး

ကျောက်ဖြူ ဒီဇင်ဘာ ၁

ကျောက်ဖြူခရိုင် ကျောက်ဖြူပုစွန် သားဖောက်စခန်းမှ ရေငန်ပုစွန် သားပေါက် သုံးသန်းကို နိုဝင်ဘာ ၃၀ ရက်က ပေါက်တော၊ မင်းပြားနှင့် မြေပုံမြို့နယ်များရှိ ပုစွန်မွေးမြူသူများထံ ထုတ်လုပ်ဖြန့်ဖြူးပေးသည်။

ကျောက်ဖြူ ပုစွန်သားဖောက်စခန်းအနေဖြင့် နိုဝင်ဘာ ၁ ရက်မှ မျိုးပုစွန်အမ ၂၂ ကောင်ဖြင့် သားဖောက်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး ယခုပထမအကြိမ် ပုစွန်သားပေါက် သုံးသန်းကို ပေါက်တော၊ မင်းပြားနှင့် မြေပုံမြို့နယ်များသို့ ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ဒုတိယအကြိမ် မျိုးပုစွန်အမ ၁၅ ကောင်နှင့် တတိယအကြိမ် မျိုးပုစွန်အမ ၂၂ ကောင်မှ သားဖောက်ရရှိမည့် ပုစွန်သားလောင်းများကိုလည်း မွေးမြူထားရှိပြီး ဒီဇင်ဘာပထမအပတ်နှင့် ဒုတိယအပတ်များတွင် သားပေါက်များ ထပ်မံဖြန့်ဖြူးသွားမည်ဖြစ်သည်။ သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုစစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅) နှစ်မြောက် စိန်ရတုစစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

■ **ခေတ်ကာလအဆက်ဆက် စစ်ရေး၊ စစ်ရာကိစ္စရပ်များ ဆောင်ရွက်ကြရာတွင် ယနေ့ကာလအထိတိုင် လက်နက်စွမ်းရည်နှင့် အုပ်ချုပ်ထောက်ပံ့မှု ကောင်းမွန်သည့် အစုအဖွဲ့များသည် နယ်ပယ်အလိုက် အောင်မြင်မှုရရှိခဲ့ကြသည်ကို တွေ့ရှိကြရမည်ဖြစ်**

■ **စစ်ပွဲအယူအဆများနှင့် သဘောတရားရေးရာများ မည်သို့ပင် ပြောင်းလဲစေကာမူ စစ်လက်နက်ပစ္စည်းတပ်ဖွဲ့၏ အရေးပါမှု အခန်းကဏ္ဍသည် ပြောင်းလဲခြင်း မရှိသည်ကို တွေ့ရှိရမည်**

❖ *ရှေ့မှ*

အဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အငြိမ်းစား **စစ်လက်နက်ပစ္စည်းတပ်ဖွဲ့**ဝင် အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ **စစ်လက်နက်ပစ္စည်း** ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းလွင်နှင့် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းတို့က (၇၅)နှစ်မြောက် စိန်ရတု **စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့** အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က (၇၅)နှစ်မြောက် စိန်ရတု**စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့** ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က (၇၅) နှစ်မြောက် စိန်ရတု **စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့** အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားရာ ယနေ့သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကာလတွင် မြန်မာ့တပ်မတော် စတင်ဖွဲ့စည်းခဲ့သည့် အချိန်ကပင် တပ်မတော်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခဲ့သည့် စစ်လက်နက် ပစ္စည်းတပ်ဖွဲ့၏ ၇၅ နှစ်ပြည့်မြောက်သော အခါသမယပင်ဖြစ်ကြောင်း။

တပ်မတော်စတင်တည်ထောင်ချိန်မှ ယနေ့ကာလအထိ ပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များအပေါ် စစ်လက်နက်ပစ္စည်းတပ်ဖွဲ့အနေဖြင့် **“တိုက်ပွဲအတွက် စစ်လက်နက်၊ အောင်ပွဲရေးရှု ထောက်ကူပြု”**ဆိုသည့် ဆောင်ပုဒ်နှင့်အတူ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးကျေပွန်အောင် စွမ်းဆောင်ခဲ့ကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း။

စစ်လက်နက်ပစ္စည်းတပ်ဖွဲ့၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက လွတ်လပ်ရေးအကြိုကာလတွင် အရေးအပါဆုံးအချိန်ဖြစ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဗမာ့တပ်မတော်စစ်လက်နက်ပစ္စည်းတပ် (Burma Army Ordnance Depot-B.A.O.D)အဖြစ် စတင်ဖွဲ့စည်းခဲ့သည့် ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်ကို **“ စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့”** အဖြစ် သတ်မှတ်ခဲ့ကြောင်း။

### တဖြည်းဖြည်းတိုးတက်လာ

လွတ်လပ်ရေးရပြီးစအချိန်တွင် စစ်လက်နက်ပစ္စည်းတပ်ဖွဲ့အနေဖြင့် ဝေဟင်မှ ခဲယမ်းမီးကျောက်များ ထောက်ပံ့ရေးလုပ်ငန်းများကို တီထွင်စမ်းသပ်နိုင်ခဲ့ပြီး ၁၉၄၉ ခုနှစ် သောင်းကျန်းသူ နှိမ်နင်းရေးတိုက်ပွဲများတွင် အောင်မြင်မှုများ ရရှိခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ယင်းအချိန်ကစပြီး လေယာဉ်ဖြင့် ခဲယမ်းများ ထောက်ပံ့ခြင်းလုပ်ငန်း တဖြည်းဖြည်းတိုးတက်လာခဲ့ရာ ယနေ့အချိန်အထိတိုင်ပင်ဖြစ်ကြောင်း။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဝင်းလွင်နှင့် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းတို့ (၇၅) နှစ်မြောက် စိန်ရတု စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

### သမိုင်း၌ ထင်ရှားစွာတွေ့ရမည်

ခေတ်ကာလအဆက်ဆက် စစ်ရေး၊ စစ်ရာကိစ္စရပ်များ ဆောင်ရွက်ကြရာတွင် ယနေ့ကာလအထိတိုင် လက်နက်စွမ်းရည်နှင့် အုပ်ချုပ်ထောက်ပံ့မှု ကောင်းမွန်သည့် အစုအဖွဲ့များသည် နယ်ပယ်အလိုက် အောင်မြင်မှုရရှိခဲ့ကြသည်ကို တွေ့ရှိကြရမည် ဖြစ်ကြောင်း၊ စစ်ပွဲအယူအဆများနှင့် သဘောတရားရေးရာများ မည်သို့ပင် ပြောင်းလဲစေကာမူ စစ်လက်နက်ပစ္စည်းတပ်ဖွဲ့၏ အရေးပါမှု အခန်းကဏ္ဍသည် ပြောင်းလဲခြင်းမရှိသည်ကို တွေ့ရှိရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် သေနင်္ဂဗျူဟာပျို့တွင် **“မြစ်တွင်းကြီးခေါင်၊ ရွက်ဆောင်မချို့၊ တို့တွင်မြို့က၊ သယ်ပို့လှောင်ထား၊ ဆန်စပါးနှင့် သောက်စားဘွယ်ဘွယ်၊ အသွယ်သွယ်ဖြင့်၊ ကြီးငယ်မျှစေ၊ စစ်ပျို့စေရှင့်”** ဟု ဖော်ပြထားသည်ကို တွေ့ရကြောင်း၊ ကမ္ဘာ့စစ်ပွဲများကို လေ့လာကြည့်မည်ဆိုလျှင် အုပ်ချုပ်ထောက်ပံ့မှုကောင်းမွန်ပြီး တိုက်ပွဲဝင်စိတ်ဓာတ် မြှင့်တင်ပေးနိုင်သည့် တပ်မတော်များကသာ တိုက်ပွဲအောင်မြင်ခြင်းဆိုသည့် သော့ချက်ကို သမိုင်း၌ ထင်ရှားစွာတွေ့ရမည်ဖြစ်ကြောင်း။

စစ်လက်နက်ပစ္စည်းတပ်ဖွဲ့အနေဖြင့် စတင်တည်ထောင်ချိန်မှ ယနေ့ကာလတိုင်အောင် လူအင်အား၊ တပ်အင်အား၊ ဖွဲ့စည်းပုံမျိုးစုံ၊ အမည်နာမမျိုးစုံ ပြောင်းလဲခဲ့သော်လည်း တပ်ဖွဲ့၏ အနှစ်သာရဖြစ်သော **“ပစ္စည်းမှန်၊ နေရာမှန်၊ အချိန်မှန်၊ အရည်အသွေးမှန် ထိန်းသိမ်းထုတ်ပေးရန် ”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ *စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုစစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေကျေပွန်ပွန် ထမ်းဆောင်လျက်ရှိကြကြောင်း။

စစ်လက်နက်ပစ္စည်း တပ်ဖွဲ့ဝင်များအနေဖြင့် မူလတာဝန်များကိုသာမက တပ်မတော်၏ အဓိက လုပ်ငန်းကြီးသုံးခုတွင် ပါဝင်သည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများနှင့် ပတ်သက်ပြီး ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နာဂစ်မုန်တိုင်းအပြင် ယင်းနောက်ပိုင်း ဖြစ်ပွားခဲ့သည့် အခြားသော သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင်လည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်များ၏ ပညာရပ်ပိုင်းဆိုင်ရာများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး၊ ခေတ်မီခဲယမ်းမီးကျောက်များနှင့် စစ်လက်နက်ပစ္စည်းများကို ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် ပြည်ပနိုင်ငံများသို့လည်း ပညာတော်သင်များ စေလွှတ်ပေးပြီး သင်ယူခဲ့သည့် ပညာရပ်များကို မိမိတို့၌ရှိပြီး ပညာရပ်များနှင့် ပေါင်းစပ်ပြီး စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်များနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ရင်း/တပ်ဖွဲ့များက အရာရှိ/စစ်သည်များကိုလည်း သိရှိနားလည်အောင် သင်ကြားလေ့ကျင့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း။

**စဉ်ဆက်မပြတ် ထုတ်လုပ်ပေးလျက်ရှိ**

စစ်လက်နက်ပစ္စည်းတပ်ဖွဲ့အနေဖြင့် တိုက်ပွဲဝင်စစ်သည်များအတွက် လက်နက်/ခဲယမ်းများ သယ်ယူထောက်ပံ့ပို့ဆောင်ပေးရသည့် လုပ်ငန်းများအပြင် တပ်မတော်သားများအတွက် လိုအပ်သည့် စစ်ဝတ်တန်ဆာပလာပစ္စည်းများ၊ စစ်အသုံးအဆောင်ပစ္စည်းများနှင့် ပြည်သူလူထုအတွက် လိုအပ်သည့် ဈေးကွက်ဝင်ပစ္စည်းများကိုပါ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ထုတ်လုပ်ပေးလျက်ရှိကြောင်း။

စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ ကွပ်ကဲမှုအောက်တွင်ရှိသည့် တပ်မတော်စက်ရုံများအနေဖြင့် ပြည်ပနိုင်ငံထုတ် စစ်ဝတ်တန်ဆာပလာများအပေါ် အမှီအခိုကင်းပြီး မိမိတပ်မတော်၏ ပြည်တွင်းစက်ရုံများတွင် ထုတ်လုပ်သော အရည်အသွေးမြင့် စစ်လက်နက်ပစ္စည်းများဖြင့် တပ်မတော်တစ်ရပ်လုံး၏ လိုအပ်ချက်များကို ပြည့်ဝစွာ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပိုလျှံစက်စွမ်းအားများဖြင့် ပြည်သူလူထုကို အထောက်အကူပြုသည့် ဈေးကွက်ဝင် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမှန်၊ ကုန်ပစ္စည်းမှန်၊ အရည်အသွေးမှန်ကန်စွာဖြင့် သက်သာစွာ ထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း။

ထိုသို့ ပြည်တွင်းစက်ရုံများ၏ ထုတ်လုပ်ရောင်းချပေးခြင်းအားဖြင့် နိုင်ငံတော်၏ သွင်းကုန်အစားထိုးရေး၊ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားရေး၊ တစ်နည်းအားဖြင့် Importer မှ Exporter သို့ ဦးတည်ချက်နှင့်အညီ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

**ဂုဏ်ယူအသိအမှတ်ပြု**

(၇၅)နှစ်တာကာလအတွင်း စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်များအနေဖြင့် ပေးအပ်သည့် ရည်မှန်းချက်တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့်အတွက် ဇေယျကျော်ထင်ဘွဲ့ရရှိသူ သုံးဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ လေးဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၃၃ ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)ရရှိသူ နှစ်ဦး၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်)ရရှိသူ တစ်ဦး၊ စက်မှုစီးပွား (တတိယဆင့်)ရရှိသူ တစ်ဦး ရရှိခဲ့ကြသည်ကို တွေ့ရှိရသည့်အတွက် ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းကာလအတွင်း တပ်မတော်၏ဦးဆောင်မှု အခန်းကဏ္ဍအောက်တွင် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခဲ့သည့် စစ်လက်နက်ပစ္စည်းတပ်သည် ယနေ့တွင် ပင်စည်ကြီးကြီးမားမားဖြင့် အကိုင်းအခက်များ ဝေဆာနေသည့် တပ်ဖွဲ့တစ်ခုအဖြစ် ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ စစ်လက်နက်ပစ္စည်းတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များသည် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် တာဝန်များအပေါ် ဦးလည်မသုန် ထမ်းရွက်နိုင်ခဲ့ကြသည်မှာ (၇၅) နှစ်တာခရီးက သက်သေပြခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ် စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်များအနေဖြင့် ယင်းအစဉ်အလာကောင်းများကို လက်ဆင့်ကမ်း တာဝန်ယူထိန်းသိမ်းသွားကြပြီး အနာဂတ်တပ်မတော်နှင့် စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ဝင်များကို အဖိုးတန်အမွေဖြစ် ပေးအပ်သွားကြရန်နှင့် ချမှတ်ထားသည့် မိမိတို့၏ ကြွေးကြော်သံ၊ ဆောင်ပုဒ်များအတိုင်း ကျရာတာဝန်များကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်နိုင်ကြရန် တိုက်တွန်းပါကြောင်းနှင့် ယခုကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုတပ်ဖွဲ့နေ့မှသည် နောင်လာမည့်ရတုများစွာတိုင် စစ်လက်နက်ပစ္စည်းတပ်ဖွဲ့ အဓွန့်ရှည်တည်တံ့နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် **စစ်လက်နက်ပစ္စည်း**ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဝင်းလွင်က **စစ်လက်နက်ပစ္စည်းတပ်ဖွဲ့**သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး (၇၅)နှစ်မြောက် စိန်ရတု**စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့** အထိမ်းအမှတ်မှတ်တမ်း Documentary Video ကို ပြသသည်။ထို့နောက် (၇၅)နှစ်မြောက် စိန်ရတု **စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့** ဂုဏ်ပြုသီချင်းဖြင့် **စစ်လက်နက်ပစ္စည်းတပ်ဖွဲ့**ဝင်များက ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ထံ **စစ်လက်နက်ပစ္စည်း** ညွှန်ကြားရေးမှူးက (၇၅)နှစ်မြောက် စိန်ရတု**စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့** အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က တက်ရောက်လာကြသည့် အငြိမ်းစား **စစ်လက်နက်ပစ္စည်းတပ်ဖွဲ့**ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး တက်ရောက်လာကြသူများနှင့်အတူ (၇၅)နှစ်မြောက် စိန်ရတု**စစ်လက်နက်ပစ္စည်းတပ်ဖွဲ့နေ့** အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

---

# တောင်ငူခရိုင်အတွင်း အသေးစား၊ အငယ်စား၊ အလတ်စား (MSMEs) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် (MSMEs) Talk Show စကားဝိုင်းနှင့် ဈေးရောင်းပြပွဲကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၁**

တောင်ငူခရိုင်အတွင်း အသေးစား၊ အငယ်စား၊ အလတ်စား (MSMEs) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် (MSMEs) Talk Show စကားဝိုင်းနှင့် ဈေးရောင်းပြပွဲကို ယမန်နေ့ နံနက်ပိုင်းက တောင်ငူမြို့ရှိ ခပေါင်းခန်းမ၌ ကျင်းပသည်။



အဆိုပါ စကားဝိုင်းနှင့် ဈေးရောင်းပြပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်၍ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်သော MSMEs လုပ်ငန်း အရေအတွက်သည် စီးပွားရေးလုပ်ငန်း စုစုပေါင်း၏ ၉၉ ရာခိုင်နှုန်းရှိကြောင်း၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သဖြင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထား ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က MSMEs ဒေသထုတ်ကုန်စည်ပြပွဲ၊ ဈေးရောင်းပွဲနှင့် Talk Show စကားဝိုင်းများ ပြုလုပ်ပေးခြင်းအားဖြင့် MSMEs စီးပွားရေး လုပ်ငန်းရှင်များ၏ အားသာချက်၊ အားနည်းချက်၊ အခက်အခဲများကို သိရှိပြီး လိုအပ်သည့် ပံ့ပိုးမှုများ ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ MSMEs ပြပွဲများနှင့် Talk Show စကားဝိုင်း ဆွေးနွေးပွဲများမှတစ်ဆင့် မိမိတို့ဒေသ၏ သဘာဝအရင်းအမြစ် ပေါကြွယ်ဝမှု၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်း ပြသနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ခင်းကျင်းပြသရောင်းချလျက်ရှိသည့် ထုပ်ပိုးမှုစက်ပစ္စည်း အမျိုးမျိုး၊ ဒေသထွက်စားသောက်ကုန်ပစ္စည်းများ၊ သစ်/ဝါး အခြေခံလက်မှုပစ္စည်းများ၊ ယိုမျိုးစုံလုပ်ငန်း၊ ပြည်ပနိုင်ငံသို့ တင်ပို့နေသည့် ပေါင်းခံသီဟိုဠ်စေ့နှင့် ကော်ဖီမှုန့် ထုတ်ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများကို ကြည့်ရှုအားပေးခဲ့သည်။**(ဝဲပုံ)**

MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး Talk Show စကားဝိုင်း ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ဦးဆောင်၍ MSMEs လုပ်ငန်းရှင်များ ကြုံတွေ့နေရသည့် အခက်အခဲများကို အပြန်အလှန် ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပထမအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

ပထမအကြိမ် မြန်မာ-ရုရှား ပူးတွဲ အကြမ်းဖက်မှု တိုက်ဖျက်ရေး ကော်မတီအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hilton Hotel ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားတပ်မတော်မှ စစ်ဦးစီးချုပ်ရုံးအကြီးအကဲနှင့် ပထမဒုတိယ ကြည်းတပ်ဦးစီးချုပ် Colonel – General Kim Alexey Rostislavovich နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် မြန်မာ–ရုရှား အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး မြန်မာ–ရုရှား ပူးတွဲ အကြမ်းဖက် တိုက်ဖျက်ရေး ကော်မတီ ပူးတွဲဥက္ကဋ္ဌများက အစည်းအဝေး မှတ်တမ်းကို အတည်ပြုလက်မှတ် ရေးထိုးကြကာ အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် မြန်မာ–ရုရှား အကြမ်းဖက်မှု တိုက်ဖျက်ရေး ကော်မတီ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ရုရှားတပ်မတော် စစ်ဦးစီးချုပ်ရုံး အကြီးအကဲနှင့် ပထမဒုတိယကြည်းတပ်ဦးစီးချုပ် Colonel–General Kim Alexey Rostislavovich တို့က နိဂုံးချုပ် အမှာစကားများ ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဝန်ထမ်းအားလုံးအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ပါတီနိုင်ငံရေးကင်းရှင်းစွာ ဆက်လက်ဆောင်ရွက်ကြစေလို

**နေပြည်တော် ဒီဇင်ဘာ ၁**

နိုင်ငံတော်အစိုးရ ယန္တရား ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နေကြသော ဝန်ထမ်းများကို မိသားစုသဖွယ် အသိအမှတ်ပြုကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း က အရာထမ်း၊ အမှုထမ်းများနှင့် မိတ်ဆုံစားပွဲတွင် ပြောကြားသည်။



**ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြစေလို**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်းမှာ အဆင့်အလိုက် ဝန်ထမ်းအားလုံး၏ ပူးပေါင်း ဆောင်ရွက်မှုကြောင့် ဖြစ်ကြောင်း၊ ဝန်ထမ်းအားလုံးအနေဖြင့် ပေးအပ်ထားသော တာဝန်များကို တတ်စွမ်းသမျှ ကြိုးစား ဆောင်ရွက်ကြသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ဝန်ထမ်းအားလုံးအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ညီညီညွတ်ညွတ်ဖြင့် ပါတီနိုင်ငံရေးကင်းရှင်းစွာ နိုင်ငံတော်နှင့် ပြည်သူ့အတွက် ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့်အညီ တာဝန်ကျရာ ကဏ္ဍများတွင် အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာရန် တာဝန်ရှိကြောင်းနှင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းအရာထမ်း၊ အမှုထမ်းများနှင့် ဂုဏ်ပြုနေ့လယ်စာ မိတ်ဆုံစားပွဲကို ယနေ့ ၁၁ နာရီခွဲက အဆိုပါဝန်ကြီးဌာန၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး မိတ်ဆုံစားပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြပြီး ဂုဏ်ပြုနေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကာ ဝန်ကြီးဌာနရှိ ဝါသနာရှင် တေးသရုပ်ဖော်အကအဖွဲ့၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုခဲ့ပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူးနှင့် ဦးစီးအရာရှိများ စီမံခန့်ခွဲမှုသင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁**

လက်ထောက် ညွှန်ကြားရေးမှူး၊ ဒုတိယ မြို့နယ်ပညာရေးမှူးနှင့် ဦးစီးအရာရှိများ စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၃/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက အခြေခံပညာဦးစီးဌာန ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း (ရန်ကုန်) ရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

ယခုသင်တန်းကို စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာများကို တာဝန်ယူဆောင်ရွက်ရသည့် အရာရှိများ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို တတ်ကျွမ်းနားလည်စွာ ဆောင်ရွက်တတ်စေရန်နှင့် သင်ကြားသင်ယူမှုဆိုင်ရာ လုပ်ငန်းများ၊ မူဝါဒ၊ စီမံကိန်းဆိုင်ရာလုပ်ငန်းများ၊ ကွန်ပျူတာနှင့် ICT လုပ်ငန်းများကို ပိုမိုတတ်ကျွမ်းနားလည်စေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး စီမံခန့်ခွဲရေး၊ သင်ကြားသင်ယူမှုဆိုင်ရာ လုပ်ငန်းများ၊ ဘဏ္ဍာရေးကိစ္စရပ်များ၊ မူဝါဒ၊ စီမံကိန်း၊ ICT၊ ကွန်ပျူတာစသည့် ဘာသာရပ်များကို ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း (ရန်ကုန်) မှ သင်တန်းနည်းပြ ၁၄ ဦးတို့က ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

အခမ်းအနားသို့ အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လက်ထောက်ညွှန်ကြားရေးမှူး ၂၂ဦး၊ ဒုတိယ မြို့နယ်ပညာရေးမှူး ၆၄ ဦးနှင့် ဦးစီးအရာရှိ ၂၁၀ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၉၆ ဦး တက်ရောက်ကြကြောင်းနှင့် သင်တန်းကာလမှာ နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂၃ ရက်အထိ ၂၆ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၁**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၄၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၈၆၁ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၁၁၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ကိုဗစ်–၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား ကျောင်းသူ ၂၆၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၁**

မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ဆောင်ရွက်နေသော ကျေးရွာချင်းဆက်လမ်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁

**ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးရွာချင်းဆက်လမ်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**





ပြည်ထောင်စု ဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် နောင်လိုင်-ပင်တီး ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင်ငါးဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းခွင်နှင့် အင်းယားကျေးရွာအုပ်စု ကြီးကိုင်ကျေးရွာ ရွာတွင်းလမ်း ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နောင်လိုင်-ပင်တီး ကျေးရွာချင်းဆက်လမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယင်းလမ်းပြီးစီးပါက စိုက်ပျိုးမြေဧက ၇၂၀ ကျော်မှထွက်ရှိသော လယ်ယာထုတ်ကုန်များ စီးဆင်းမှုအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းနှင့် ကြီးကိုင်ကျေးရွာ ကျေးရွာတွင်းလမ်း အရှည် ၂၄၅၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ကိုးလက်မထု ကတ္တရာခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း VDP ထောက်ပံ့ရန်ပုံငွေ၊ ကျေးရွာနေ ပြည်သူများ၏ ထည့်ဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြီးကိုင်ကျေးရွာသို့ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာသူ ကျေးရွာသားများ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ကျေးရွာ၏ လိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ တင်ပြကြရန်နှင့် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းများကို ချက်ချင်းဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အခြားဝန်ကြီးဌာနများမှ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စံပြကျေးရွာများ ဖြစ်ပေါ်လာစေရေးနှင့် ကျေးရွာ၏ အခြေခံ အဆောက်အအုံ လိုအပ်ချက်များ၊ စီးပွားရေး လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း အသိပေးပြောကြားခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများ၏ တင်ပြဆွေးနွေးမှုများကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ကြီးကိုင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံကာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဇီးပင်ကြိုးဝိုင်းရှိ ကျွန်း၊ ထင်းရှူး သက်ကြီးစိုက်ခင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဇီးပင်ကြိုးဝိုင်းရှိ ၁/၁၉၈၄ ကျွန်း၊ ထင်းရှူးသက်ကြီး စိုက်ခင်းဧက ၅၅၀ ကို ထိန်းသိမ်းဆောင်ရွက်ထားမှုနှင့် ဇီးပင်ကြိုးဝိုင်း အကွက်အမှတ် (၁) ရှိ ၂၀၁၆ ခုနှစ် ကြီးမြန်ယမနေနှင့် ယူကလစ် ပုဂ္ဂလိကစိုက်ခင်း ၃၅ ဧကရှိ ကြီးမြန်သစ်မျိုးများ၏ ရှင်သန်ကြီးထွားမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ကြီးစိုက်ခင်းများ ရေရှည်တည်တံ့အောင် ကာကွယ်ထိန်းသိမ်းရေးနှင့် ဒေသနှင့် ကိုက်ညီသော ကြီးမြန်သစ်မျိုး စိုက်ခင်းများ တိုးချဲ့တည်ထောင်ရေး မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးဌာန နောင်ချိုမြို့နယ် ဘန့်ဘွေး သစ်တောရုံးရှိ လိပ်ကယ်ဆယ်ရေးစခန်းအတွင်း တရားမဝင် သယ်ယူမှုများမှ ဖမ်းဆီးရမိသော လိပ်ကြက်တူရွေး၊ လိပ်ဝါ၊ လိပ်မောင်း၊ လိပ်ပုပ်၊ လိပ်မဲကြီး၊ ရခိုင်လိပ် လိပ်မျိုး ခြောက်မျိုး၊ ကောင်ရေ ၆၀၁ ကောင်ကို ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်နေသည်ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ(ဝဲပုံ) တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် ၁/၁၉၈၂ သက်ကြီးပျဉ်းကတိုးစိုက်ခင်း ဧက ၂၅၀ ကို ထိန်းသိမ်းဆောင်ရွက်ထားမှုနှင့် ဘန့်ဘွေး အမြဲတမ်း ပျိုးဥယျာဉ်ရှိ ၂၀၂၃ မိုးရာသီအတွင်း လူထုဖြန့်စိုက်ပျိုး ဆောင်ရွက်သွားမည့် သစ်မျိုး ၁၀ မျိုးဖြင့် ပျိုးပင် ၅၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*○ ကျောဖုံးမှ*

မြန်မာလူငယ်ဖူဆယ်အသင်းသည် ထိုင်းလူငယ် All Star အသင်း၊ ထိုင်းကလပ်၊ ထိုင်းတက္ကသိုလ်အသင်းများနှင့် ခြေစမ်းကစားမည်ဖြစ်ပြီး လက်ရှိမြန်မာအသင်းနည်းပြချုပ်ဖြစ်သူ ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က ခြေစမ်းပွဲကစားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းအသင်းကို လူငယ်ကစားသမားများ ထွက်ပေါ်လာစေရန်နှင့် အတွေ့အကြုံရစေရန် ဖွဲ့စည်းထားခြင်းဖြစ်ပြီး စက်တင်ဘာလကတည်းက စခန်းဝင်လေ့ကျင့်နေခြင်းဖြစ်သည်။ ယင်းအသင်းကို မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြချုပ်ဖြစ်သူ ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က ပူးတွဲတာဝန်ယူကိုင်တွယ်လျက် ရှိပြီး ကစားသမား ၂၄ ဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

**ဝင်ရောက်ယှဉ်ပြိုင်မည်**

မြန်မာ ယူ-၁၈ အသင်းသည် ပြိုင်ပွဲအတွေ့အကြုံရစေရန် ပြည်တွင်းပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပထမဆုံးပြိုင်ပွဲအဖြစ် နိုဝင်ဘာလကကျင်းပသည့် MFF Futsal Championships 2022 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် ပြည်ပအတွေ့အကြုံရစေရန် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲသွားရောက်ကစားခြင်းဖြစ်ပြီး ယင်းခရီးစဉ်အပြီးတွင် ပြည်တွင်းလိဂ်ဖြစ်သော MFF ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ - MFF**

# အမ်းမြို့နယ်၌ ကိုဗစ် - ၁၉ ကပ်ရောဂါ ဒုတိယလှိုင်းကြောင့် ရောဂါကူးစက်ခံပြည်သူများအတွက် အာဆီယံအပေါင်းသုံးနိုင်ငံအစီအစဉ်ဖြင့် ဂျပန်နိုင်ငံမှ လှူဒါန်းသည့် ဆန်ထောက်ပံ့ပေးအပ်ပွဲကျင်းပ

**အမ်း ဒီဇင်ဘာ ၁**

ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်းကြောင့် ရောဂါကူးစက်ခံရသူ ပြည်သူများအတွက် အာဆီယံအပေါင်း သုံးနိုင်ငံ ၏ APTERR Tier 3 အစီအစဉ်ဖြင့် ဂျပန်နိုင်ငံမှ လှူဒါန်းသည့် ဆန်ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်ထက်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနဦးစီးအရာရှိ ဦးဝင်းဇော်က ဆန်ထောက်ပံ့ပေးအပ်ရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်ထက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းထက်နှင့်တာဝန်ရှိသူများက ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်းတွင် ရောဂါကူးစက်ခြင်းခံခဲ့ရသည့် ပြည်သူ ၁၇၃ ဦးအား APTERR Tier 3 အစီအစဉ်ဖြင့် ဂျပန်နိုင်ငံမှလှူဒါန်းသော ဆန်များကို ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်ထက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရောဂါကူးစက်ခြင်းခံခဲ့ရသည့် ပြည်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။



**စိုးမင်းထွန်း(ပြန်/ဆက်)**

# (၂၀၂၂)ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁**

(၂၀၂၂) ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ (World AIDS Day) အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ နေပြည်တော်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နီးနွယ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကမ္ဘာတစ်ဝန်းလုံး၌ နှစ်စဉ် ဒီဇင်ဘာလ ၁ ရက်နေ့ရောက်တိုင်း ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို ပြည်သူလူထုတစ်ရပ်လုံးက နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်၍ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်မှ လုံးဝကင်းစင်ပပျောက်သွားသည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန် ရည်ရွယ်ချက်ထား၍ ကျင်းပကြကြောင်း။

ယခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Equalize" "အေအိုင်ဒီအက်စ်ပပျောက်ဖို့ မညီမျှမှုများ လျှော့ချလို့ အားလုံးပူးပေါင်းဆောင်ရွက်စို့" ဖြစ်ပြီး အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကင်းဝေးသော အနာဂတ်ကို ဖော်ဆောင်ရာတွင် အိတ်ချ်အိုင်ဗွီကာကွယ်ကုသရေးဝန်ဆောင်မှုများကို လူတိုင်း ညီတူညီမျှ လက်လှမ်းမီရရှိအောင် ဆောင်ရွက်လျက်ရှိရာတွင် မညီမျှမှုများရှိပါက ဝိုင်းဝန်းအဖြေရှာ၍ လူတိုင်းလုံခြုံစိတ်ချရသော ကျန်းမာရေးစောင့်ရှောက်မှုများရရှိရန် တိုက်တွန်းလိုခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ခန့်မှန်းတွက်ချက်မှုအရ ၂၀၂၁ ခုနှစ်အကုန်၌ လူဦးရေ ၂၇၀၀၀၀ ကျော် အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံနေရသည့်အတွက် ၀ ဒသမ ၆၄ ရာခိုင်နှုန်းအထိ ရောဂါပိုးတွေ့ရှိနေကြောင်း၊ ရောဂါအသစ် ကူးစက်ခံရမှုအနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် အမြင့်ဆုံးဖြစ်ခဲ့ပြီး ရောဂါပိုးအသစ်ကူးစက်ခံရသူ ၃၀၀၀၀ ခန့်ရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၁၁၀၀၀ ခန့်အထိ ကျဆင်းလာသည်ကို တွေ့ရကြောင်း။

အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ရောဂါသည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဖြစ်ပွားမှုနှုန်း အမြင့်မားဆုံးဖြစ်သည်ကို တွေ့ရကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အိတ်ချ်အိုင်ဗွီကာကွယ်ရေးနည်းဗျူဟာသစ်ဖြစ်သည့် အိတ်ချ်အိုင်ဗွီပိုးကူးစက်မှုမှကာကွယ်ရန် ကြိုတင်ဆေးတိုက်ကျွေးခြင်း (Pre Exposure Prophylaxis (PrEP) လုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၂၀ ခုနှစ် ဇူလိုင်လမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း ဆောင်ရွက်ခဲ့ပြီး ရလဒ်ကောင်းများရရှိသည့်အတွက် အမျိုးသားချင်း ချစ်ခင်စုံမက်သူများအကြား PrEP ဆေးတိုက်ခြင်းအား ပုံမှန်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းတစ်ခုအဖြစ် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၂၀၂၃ ခုနှစ်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး မူးယစ်ဆေးအကြောထဲ ထိုးသွင်းသူများအတွက် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တို့တွင် PrEP ဆေးတိုက်ကျွေးခြင်း ရှေ့ပြေးစီမံချက်အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့ပြင် အိတ်ချ်အိုင်ဗွီရောဂါပိုးရှိ၊ မရှိ မိမိဘာသာစစ်ဆေးခြင်း(Self-testing) ရှေ့ပြေးစီမံချက်ကိုလည်း ၂၀၂၁ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့ကြောင်း။

မြန်မာနိုင်ငံအတွက် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့်ရန်ပုံငွေကို ကျန်းမာရေးဝန်ကြီးဌာနက အဓိကထောက်ပံ့ပေးလျက်ရှိပြီး ကမ္ဘာ့ရန်ပုံငွေအဖွဲ့ကလည်း ပံ့ပိုးကူညီပေးခြင်းဖြစ်ကြောင်း၊ (၂၀၂၂-၂၀၂၃) ဘဏ္ဍာနှစ်အတွက် အိတ်ချ်အိုင်ဗွီရောဂါကုသဆေး(ART) နှင့် ဆေးပစ္စည်းများဝယ်ယူရန် အမေရိကန်ဒေါ်လာ ၁၆ သန်းအား နိုင်ငံတော်ဘဏ္ဍာငွေမှ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများ၏ကိုယ်စား ဦးနေလင်းက ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့၏ အရေးကြီးမှုနှင့် ပြည်သူလူထုအခြေပြု အဖွဲ့အစည်းများ၏ လိုလားမျှော်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ခဲ့ပြီး အခမ်းအနားအထိမ်းအမှတ် ပြခန်းငယ်များအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ အောင်မြင်စွာကျင်းပပြီးစီး





**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ (ဆဋ္ဌမနေ့)ကို ယနေ့ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ ဝန်ထမ်းမိသားစုများ၊ တပ်မတော်သားမိသားစုများ၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။**(အပေါ်ပုံ)**

ပဒေသာ ကပွဲတွင် ဦးနန်းညွန့်ဆွေ (မန္တလေး) ဇာတ်ညွှန်းရေးဖွဲ့ပြီး ဖြစ်ရပ်မှန်သမိုင်းကို အခြေပြုတင်ဆက်ထားသည့် **"အသက်ထက်မြတ်သော ဂုဏ်သိက္ခာ"** ပြဇာတ်ကြီး၌ ပါဝင်သည့် ဘုရားကန်တော့ခန်း၊ ဇတ်တော်ကြီးသမားစဉ် အပျိုတော်ထွက်ခန်း၊ နှစ်ပါးသွားခန်း၊ ဘုရင့်နောင် မင်းတရားကြီး ထွက်တော်မူကြီးနှင့် ခေတုကလျာ ဖွားမြင်ခန်း၊ ဝန်မင်းနှစ်ပါး ဇာတ်ပန္နက်ရိုက် ပြည်တည်ခန်း၊ မင်းရဲနန္ဒမိတ် ညီလာခံခန်း၊ နတ်သျှင်နောင် နောက်ကြောင်းပြန်ခန်း၊ နတ်သျှင်နောင်နှင့် ရာဇခေတုကလျာ တွေ့ဆုံခန်း၊ နတ်သျှင်နောင် ကိုယ်လုံ့ပညာလေ့ကျင့်ခန်း၊ နတ်သျှင်နောင်မှ ရာဇခေတုကလျာအား ချစ်ခွင့်ပန်ခန်း၊ နတ်သျှင်နောင်နှင့် ရာဇခေတုကလျာ လက်ထပ်မည့်အကြောင်းအား ပြည်သူ၊ ပြည်သားများ ပြောဆိုခန်း၊ နတ်သျှင်နောင်နှင့် ရာဇခေတုကလျာ လက်ထပ်ခန်း၊ နတ်သျှင်နောင်နှင့် ရာဇခေတုကလျာ သစ္စာတိုင်ခန်းနှင့် ခွဲခွာခန်း၊ နတ်သျှင်နောင်မှ အယုဒ္ဓယတပ်များကို တိုက်ခိုက်ရန် ပြင်ဆင်ခန်း၊ နတ်သျှင်နောင် နောက်ကြောင်းပြန် ဇာတ်လမ်းနိဂုံးချုပ်ခန်း၊ ငဇင်ကာအမြောက် လက်နက်ပြုလုပ်ခန်း၊ ငဇင်ကာနှင့် အပေါင်းအပါများ အစည်းအဝေးပြုလုပ်ခန်း၊ နတ်သျှင်နောင်နှင့် ငဇင်ကာတွေ့ဆုံခန်း၊ မင်းရဲနန္ဒမိတ်မှ တပ်မှူး၊ ဗိုလ်မှူးများနှင့် တိုင်ပင်ခန်း၊ မင်းရဲနန္ဒမိတ်မှ သန်လျင်သို့ စစ်ချီခန်း၊ ပေါ်တူဂီတပ်နှင့် အပေါင်းအပါတောင်ငူတပ်များအား အင်းဝတပ်များက တိုက်ခိုက်ခန်း၊ မင်းရဲနန္ဒမိတ်မှ သန်လျင်မြို့အား သိမ်းပိုက်နိုင်ရေး ဥမင်လိုဏ်ခေါင်း ပြုလုပ်ရန် အမိန့်ပေးခန်း၊ အင်းဝတပ်များ သန်လျင်မြို့အား သိမ်းပိုက်နိုင်ရန် ဥမင်လိုဏ်ခေါင်း ပြုလုပ်ခန်းနှင့် သန်လျင်မြို့ရိုး ကျိုးပေါက်ခန်း၊ မင်းရဲနန္ဒမိတ်မှ ငဇင်ကာနှင့် နတ်သျှင်နောင်အား ဖတ်ဆီးခန်း၊ ငဇင်ကာအား စစ်မေးခန်း၊ နတ်သျှင်နောင်အား တရားနှင့်အညီ စီရင်ခန်း၊ နတ်သျှင်နောင်နှင့် ငဇင်ကာအား ကွပ်မျက်ခန်းနှင့် ဇာတ်သိမ်းခန်းတို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် အနုပညာရှင်များက ဆို၊ ငို၊ ပြော ပညာရပ်များနှင့် ပေါင်းစပ်၍ အနုပညာရသမြောက်စွာ ကပြဖျော်ဖြေတင်ဆက်ကြသည်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကို ပြည်သူများ စိတ်ကြည်နူး ချမ်းမြေ့စေရန်နှင့် လွတ်လပ်ရေး၏ အငွေ့အသက်များ ခံစားနားလည်နိုင်စေရန် အတွက် နိုင်ငံတော်အဆင့်အခမ်းအနားအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မွန်းကျပ်နေသည့်ပြည်သူများကို ဖျော်ဖြေမှုပေးနိုင်ရန် ပထမဆုံးအကြိမ် ကျင်းပသည့် အကြီးကျယ်ဆုံး ပဒေသာကပွဲကြီးလည်း ဖြစ်သည်။

ယခုကျင်းပခဲ့သည့် ပဒေသာကပွဲတွင် ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်အသီးသီးမှ အနုပညာရှင်များက နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိလည်းကောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးအောက်ရှိ အနုပညာရှင်များက နိုဝင်ဘာ ၂၉ ရက်တွင် လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက နိုဝင်ဘာ ၃၀ ရက်နှင့် ဒီဇင်ဘာ ၁ ရက်တွင် လည်းကောင်း နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ မြိုင်ဆိုင်စွာ ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယနေ့ ဖျော်ဖြေတင်ဆက်သည့် **"အသက်ထက် မြတ်သော ဂုဏ်သိက္ခာ"** ဇာတ်ကြီးကို ၂၀၂၃ ခုနှစ်တွင် ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံကြီး၌ အများပြည်သူများကို ဆက်လက်ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ SITES-CENTER JSC ကုမ္ပဏီ၏ Deputy Chief Executive Officer Mr. Nikolaychuk Vsevolod နှင့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ SITES-CENTER JSC ကုမ္ပဏီ၏ Deputy Chief Executive Officer Mr. Nikolaychuk Vsevolod နှင့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၉ နာရီခွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Solar စွမ်းအင်နှင့် အသေးစား ရေအားလျှပ်စစ်ဆိုင်ရာတို့ကို မြန်မာနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




# SEANF ၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁**

အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (Southeast Asia National Human Rights Institutions Forum) ၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို SEANF ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူသည့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်က ဖိလစ်ပိုင်နိုင်ငံ ဇမ်ဘိုအမ်ဂါမြို့၌ hybrid format ဖြင့် ကျင်းပခဲ့ရာ ဖိုရမ်အဖွဲ့ဝင် နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်များက In-person အနေဖြင့် တက်ရောက်ကြပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နန္ဒာမှုန်း၊ အဖွဲ့ဝင်များဖြစ်သည့် ဦးပေါ်လွင်စိန်၊ ဒေါက်တာ သန်းမြင့်၊ ဒေါက်တာ တင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူး ဦးဇေယျာလင်းနှင့် ဝန်ထမ်းသုံးဦးတို့က online platform အသုံးပြု၍ တက်ရောက်ခဲ့ကြသည်။ (အပေါ်ပုံ)




အစည်းအဝေးတွင် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်များက နိုင်ငံမဲ့ဖြစ်မှုကို တားဆီးကာကွယ်ရေးနှင့် နိုင်ငံမဲ့ဖြစ်နေသူများ၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရာတွင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြခြင်း၊ ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးကာလ နောက်ပိုင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်း တစ်ရပ်ချင်းအလိုက်၏ ဆောင်ရွက်ချက်များနှင့် အဓိကဖြစ်ပေါ်တိုးတက်မှု ကိစ္စရပ်များ တင်ပြဆွေးနွေးခြင်း၊ ဖိုရမ်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) အကောင်အထည်ဖော်နိုင်ရေးနှင့် စပ်လျဉ်း၍ ဦးစားပေး အကြောင်းအရာ (၅) ရပ် အလိုက် တာဝန်ယူထားသည့် ဖိုရမ်အဖွဲ့ဝင် ကော်မရှင်များက ဆောင်ရွက်ထားရှိမှုကို ဆွေးနွေးတင်ပြခြင်း၊ SEANF နှင့် AICHR ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ဆွေးနွေးခြင်း၊ SEANF နှင့် Plan International၊ ANNI တို့နှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ဆွေးနွေးခြင်း စသည့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသော ကိစ္စရပ်များကို ဆွေးနွေးသည်။

အစည်းအဝေး၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်က ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး ကာလနောက်ပိုင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် အဓိကဖြစ်ပေါ်တိုးတက်မှုများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ကော်မရှင်က ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသည့် ဖိုရမ်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆)၏ ဦးစားပေး အကြောင်းအရာ (၂) ဖြစ်သော "စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရေး" နှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က ဖိုရမ်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) အကောင်အထည်ဖော်မှု ဆိုင်ရာ ကိစ္စများနှင့် အထွေထွေဆွေးနွေးမှုများတွင် သုံးသပ်အကြံပြုဆွေးနွေးခဲ့သည်။

နှစ်ပတ်လည် အစည်းအဝေး အပြီးတွင် ဖိလစ်ပိုင်နိုင်ငံလူ့အခွင့်အရေးကော်မရှင်က ၂၀၂၃ ခုနှစ်တွင် ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သို့ ဖိုရမ်ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

သတင်းစဉ်

# စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း ဦးဆောင်ကော်မတီ၏ (၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်းကို ၂၀၁၇ ခုနှစ် ဇူလိုင်လမှစ၍ အတိုးနှုန်းသက်သာသည့် ချေးငွေအဖြစ် တောင်သူတစ်ဦးချင်း ငွေကျပ်သိန်း ၇၀၀ အထိ နှစ်တိုသုံးနှစ်၊ နှစ်ရှည် ငါးနှစ် အရစ်ကျပြန်ဆပ်စနစ်ဖြင့် ထုတ်ချေးပေးသည့် စီမံကိန်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာလကုန်အထိ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် (၁၄) ခုရှိ မြို့နယ် ၁၈၇ ခုမှ တောင်သူ ၅၅၉၂ ဦးသို့ ထွန်စက်ကြီး ၂၆၇၇ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၂၆၆၅ စီး၊ ထော်လာဂျီ ၂၁၅ စီး၊ လက်တွန်းထွန်စက် ၂၈ စီး၊ ဆန်စက် နှစ်လုံး၊ ကောက်စိုက်စက် နှစ်စီး၊ အခြောက်ခံစက် သုံးလုံးတို့အတွက် ချေးငွေကျပ် ၂၃၀ ဒသမ ၉၄၇ ဘီလီယံ ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ချေးငွေရယူလိုသည့် တောင်သူများသို့ ချေးငွေသစ်များကို စဉ်ဆက်မပြတ် ထုတ်ချေးပေးလျက်ရှိကြောင်း၊ တောင်သူများ၏ ဝင်ငွေ တိုးတက်လာစေပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးကို များစွာ အထောက်အကူပြုသည့် စီမံကိန်းဖြစ်၍ မိမိတို့ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရုံးချုပ်နှင့် ဘဏ်ခွဲအဆင့်ဆင့်တို့က တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် Evaluation & Monitoring ကို စဉ်ဆက်မပြတ် ပြုလုပ်ပြီး စီမံကိန်း အောင်မြင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)



ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူနှင့် တာဝန်ရှိသူများက Two Step Loan ချေးငွေထုတ်ချေးထားမှုနှင့် ဆက်လက်ထုတ်ချေးမည့် အစီအစဉ်များကို တင်ပြဆွေးနွေးကြရာ ဦးဆောင်ကော်မတီဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန် ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အထူးကုဆေးရုံကြီး ခုတင်-၅၀၀ ရန်ကုန်၌ (၅၅) ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလနောက်ပိုင်း ရပ်နားထားခဲ့ရသော ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများသည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) -ရန်ကုန်မြို့၌ ဆေးရုံအုပ်ကြီး၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူး၊ အထူးကုဆရာဝန်ကြီးများ၊ အငြိမ်းစား ဆေးပညာရှင်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ကျောက်ကပ်အစားထိုးကုသမှု ဆောင်ရွက်မည့် အစီအစဉ်အတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ ကုသရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူး၊ တာဝန်ခံဆရာဝန်ကြီးများ၊ သူနာပြုများ၏ ပူးပေါင်းပါဝင်မှုဖြင့် အထူးကုဆေးရုံကြီး ခုတင်-၅၀၀ ရန်ကုန်၌ နိုဝင်ဘာ ၂၉ ရက်တွင် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ပြန်လည်ဆောင်ရွက်နိုင်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခချုပ် (ဆေးရုံအုပ်ကြီး/ကုသရေး) ဒေါက်တာ သီတာလှနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကာ ခွဲစိတ်ကုသမှုဆောင်ရွက်သူများ၊ လူနာနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လူနာအတွက် အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း ပေးအပ်သည်။

အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)-ရန်ကုန်မြို့တွင် လူနာ မခင်ညိုညိုထွေး အသက်(၂၃)နှစ်၊ အလှူရှင် မသင်းပြည့်ပြည့်မိုး အသက် (၂၅)နှစ် ညီအစ်မအတွဲအား ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသခြင်းကို နိုဝင်ဘာ၂၉ ရက်၊ နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ခွဲစိတ်ကုသမှုအောင်မြင်စွာ ပြီးစီးခဲ့ပြီး လူနာနှင့်ကျောက်ကပ်အလှူရှင်တို့၏ ကျန်းမာရေး အခြေအနေကောင်းမွန်ပြီး အထူးကြပ်မတ်ကုသဌာန၌ထားရှိ၍ စောင့်ကြည့်ကုသမှု ဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ယာပုံ)**



အဆိုပါ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) – ရန်ကုန်မြို့မှ ပါမောက္ခ/ဌာနမှူး (ဆီးနှင့်ကျောက်ကပ်ခွဲစိတ်) ပါမောက္ခဒေါက်တာကျော်စိုးကျော် ဦးဆောင်သော ဆီးနှင့်ကျောက်ကပ်ခွဲစိတ်မှုဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် ပါမောက္ခ/ဌာနမှူး (ဆီးနှင့် ကျောက်ကပ်ဆေးကု) ပါမောက္ခဒေါက်တာဝင်းဝင်းလှိုင် ဦးဆောင်သော ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး (မေ့ဆေး) ပါမောက္ခ ဒေါက်တာမူမူနိုင် ဦးဆောင်သော မေ့ဆေးပညာဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် ပါမောက္ခ/ဌာနမှူး (ဓာတ်မှန်) ပါမောက္ခဒေါက်တာ အောင်ချိုထွန်း ဦးဆောင်သော ဓာတ်မှန်ဆိုင်ရာလုပ်ငန်းအဖွဲ့၊ အမျိုးသား သွေးဌာန-ရန်ကုန်မြို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင် ဦးဆောင်သော သွေးနှင့် သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန – ရန်ကုန်မြို့မှ ညွှန်ကြားရေးမှူး (ရောဂါဗေဒ) ဒေါက်တာဆွေဆက် ဦးဆောင်သော ရောဂါရှာဖွေရေး လုပ်ငန်းအဖွဲ့တို့က အငြိမ်းစားဆေးပညာရှင်များဖြစ်သည့် ပါမောက္ခဒေါက်တာသန်းအေး၊ ပါမောက္ခ ဒေါက်တာကျော်စွာလှိုင်၊ ပါမောက္ခ ဒေါက်တာဘုန်းမြင့်၊ ပါမောက္ခဒေါက်တာခင်မောင်ဌေး၊ ပါမောက္ခဒေါက်တာကြည်ကြည်စန်း၊ ကျွမ်းကျင်သူနာပြုများ၊ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) – ရန်ကုန်မှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းအေးနှင့် ဆေးရုံစီမံခန့်ခွဲမှုကော်မတီဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အထူးကုဆေးရုံကြီး ( ခုတင်-၅၀၀)ရန်ကုန်တွင် ဆေးရုံကြီးစတင်ဖွင့်လှစ်သည့် ၂၀၁၄ ခုနှစ်မှ စတင်၍ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများစတင်၍ ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင် (၄) ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် (၁၀)ကြိမ်၊ ၂၀၁၆ ခုနှစ်တွင် (၁၀)ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် (၉)ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် (၉)ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် (၁၀)ကြိမ်နှင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ (၂)ကြိမ် စုစုပေါင်း (၅၄)ကြိမ် အောင်မြင်စွာခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခုအကြိမ်သည် (၅၅) ကြိမ်မြောက် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံစာရင်းပညာ နားလည်တတ်ကျွမ်းပြီး မှားယွင်းမှု၊ လေလွင့်ဆုံးရှုံးမှုများ မရှိစေရန်နှင့် ရုံးလုပ်ငန်းများကို စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ နေပြည်တော် သင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် – ၂၃၄ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက ယခုအခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းကို အခြေခံစာရင်းပညာ နားလည်တတ်ကျွမ်းပြီး မှားယွင်းမှု၊ လေလွင့်ဆုံးရှုံးမှုများ မရှိစေရန်နှင့် ရုံးလုပ်ငန်းများကို စွမ်းဆောင်ရည် ပြည့်ဝစွာဖြင့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်း ဖြစ်ပါကြောင်း၊ သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များသည် လက်တွေ့လုပ်ငန်းခွင်တွင် အမှန်တကယ်လိုအပ်ပြီး ဝန်ထမ်းတစ်ဦးအနေဖြင့် ကျွမ်းကျင်တတ်မြောက်ထားရမည့် အခြေခံပညာရပ်များ ဖြစ်ပါကြောင်း၊ သို့ပါ၍ သင်တန်းမှ ပို့ချမှုများကို အလေးထား လေ့လာဆည်းပူး၍ နိုင်ငံနှင့်ဌာနအတွက် အားထားရသည့် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းများ ဖြစ်စေရေး ကြိုးစားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး (နေပြည်တော်) သင်တန်းကျောင်း ကျောင်းအုပ်က သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယခုသင်တန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ဝန်ထမ်းများ တက်ရောက်နိုင်ရေးအတွက် အထူးအစီအစဉ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၊ နေပြည်တော် သင်တန်းကျောင်းနှင့်တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းကို စာသင်ခန်းတက်ရောက်(Face To Face) ဖြင့် နိုဝင်ဘာ ၂၈ ရက်မှစ၍ နှစ်လကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းတွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ သင်တန်းသား ၁၈၀ နှင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတွင် ၁၄၀၊ စုစုပေါင်းသင်တန်းသား ၃၂၀ တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၀၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ကုလသမဂ္ဂအထွေထွေ ညီလာခံဆုံးဖြတ်ချက် ၅၈/၄ ဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော ကုလသမဂ္ဂအဂတိလိုက်စား မှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းက ဒီဇင်ဘာ ၉ ရက်ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် အဆိုပါကွန်ဗင်းရှင်းသို့ တရားဝင်အတည်ပြုဝင်ရောက်ခဲ့ပြီး ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အခြားကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများနည်းတူ မိမိနိုင်ငံတွင်လည်း နှစ်စဉ်ကျင်းပလျက်ရှိသည်။

(၁၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC-I)၊ ကျောက်စိမ်းခန်းမတွင် ဒီဇင်ဘာ ၉ ရက်၊ နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားရုံးဝန်ထမ်းများ အရည်အသွေးမြှင့်သင်တန်းအမှတ်စဉ် ၂/၂၀၂၂ ဖွင့်လှစ်သည့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ(အပေါ်ထပ်) ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်နှင့် တရားလွှတ်တော်တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**သတင်းစဉ်**




# မသန်စွမ်းသူများဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါစို့

*ဆောင်းဝတီ*

**မသန်စွမ်းသူများဆိုသည်မှာ မျက်စိမမြင်သူ၊ နားမကြားသူ၊ ကိုယ်လက်အင်္ဂါချို့တဲ့သူ၊ စိတ်ကျန်းမာရေးချို့တဲ့သူနှင့် ဉာဏ်ရည်နိမ့်ကျသူများ ပါဝင်နေပါသည်။ မသန်စွမ်းသူတစ်ယောက်ဖြစ်နေပါက ဝင်ငွေမရှာနိုင်ခြင်း၊ မိသားစု(သို့မဟုတ်) ပတ်ဝန်းကျင်ပေါ်တွင် မှီခိုရခြင်း၊ မိမိကိုယ်တိုင် စိတ်ဓာတ်ကျခြင်း၊ သက်တမ်းစေ့ မနေရခြင်းစသည့် ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။ မသန်စွမ်းဖြစ်ရသည့် အကြောင်းရင်းများထဲတွင် မွေးရာပါ မသန်စွမ်းသူများရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်ကြရခြင်းများလည်း ရှိပါသည်။ မသန်စွမ်းသူများသည် ကျန်းမာရေးမကောင်းသူများမဟုတ်ဘဲ ကျန်းမာရေးကောင်းမွန်ပြီး သာမန်လူများကဲ့သို့ ပြုမူလှုပ်ရှားမှု၌ ချို့ယွင်းမှုရှိသူများသာ ဖြစ်ပါသည်။**

ကမ္ဘာပေါ်တွင် မသန်စွမ်းသူများ၏ အရေးကို နိုင်ငံတိုင်းက ကြိုးစားကူညီလျက် ရှိပါသည်။ ယခင်က ကမ္ဘာပေါ်တွင် မသန်စွမ်းသူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့် ရှိသည်ဟု ခန့်မှန်းကြပါသည်။ မြန်မာနိုင်ငံတွင်လည်း မသန်စွမ်းလူဦးရေမှာ ၂ ဒသမ ၃၂ သန်းခန့်ရှိသည်။ မသန်စွမ်းသူများကို ကူညီ စောင့်ရှောက်ရေးသည် ပရဟိတစိတ်ဓာတ်ရှိမှသာ စောင့်ရှောက်မှုပေးနိုင်လိမ့်မည်ဖြစ်သည်။ သို့မှသာ မသန်စွမ်းသူများသည် အခြားသူများကဲ့သို့ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် ပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်၍ မသန်စွမ်းသူများနှင့် အနီးကပ်နေထိုင်ကြသော မိသားစုဝန်းကျင်သည် အရေးကြီးသကဲ့သို့ အစိုးရ၏ လူမှုဝန်ထမ်းဌာနများသည်လည်း အရေးကြီးပါသည်။ ထို့ပြင် မသန်စွမ်းသူများကို ကူညီသော ဖောင်ဒေးရှင်းများသည်လည်း မရှိမဖြစ် လိုအပ်လျက် ရှိပါသည်။




**"ကမ္ဘာအနှံ့တည်ရှိနေထိုင်ကြသော မသန်စွမ်းသူများအရေးသည် အရေးကြီးသော ကဏ္ဍတစ်ရပ် ဖြစ်လာပြီဖြစ်သောကြောင့် မသန်စွမ်းသူများအား "ကမ္ဘာ့အကြီးမားဆုံး လူနည်းစုအုပ်စု" အဖြစ် သတ်မှတ်လာကြပါသည်။ မသန်စွမ်းသူများသည် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုခံရနေပြီး အမျိုးမျိုးသော ဆင်းရဲဒုက္ခများ ခံစားနေရကာ အခွင့်အရေးများ ဆုံးရှုံးလျက်ရှိပါသည်။ မသန်စွမ်းသူများ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြသဖြင့် ဘူးလေးရာ ဖရုံဆင့်ဆိုသကဲ့သို့ အားနည်းသူများအဖြစ် ခံစားနေကြရသည်**

### အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ခြင်း

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်သည် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ဖြစ်ပါသည်။ ဖြစ်ပေါ်လာပုံမှာ ၁၉၈၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ကုလသမဂ္ဂ မသန်စွမ်းသူများဆိုင်ရာ ကမ္ဘာ့လုပ်ငန်းစဉ်တွင် မသန်စွမ်းသူများအား ကြိုတင်ကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ အပြည့်အဝပါဝင်ခွင့်နှင့် တန်းတူရပိုင်ခွင့်ရရှိမှုတို့ တိုးမြှင့်နိုင်ရန်အတွက် ကမ္ဘာ့ပထမဆုံးသော မသန်စွမ်းရပိုင်ခွင့်ကို အခြေခံသည့် ကမ္ဘာလုံးဆိုင်ရာ နည်းဗျူဟာ ချမှတ်နိုင်ခဲ့ပါသည်။ ထိုနည်းဗျူဟာချမှတ်ခဲ့သောနေ့ကို အထူးပြုသောအားဖြင့် ၁၉၉၂ ခုနှစ် အောက်တိုဘာ ၁၄ ရက်က ကျင်းပပြုလုပ်သော (၄၇)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အပိုဒ် (၄၇/၃) အရ နှစ်စဉ် ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် အတည်ပြုသတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်းတွင် ၁၉၉၂ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားကို ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင်လည်း ၁၉၉၄ ခုနှစ်မှစ၍ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံတွင် ကျင်းပရသည့် ရည်ရွယ်ချက်များမှာ မြန်မာ့လူဘောင်အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ၏ ဘဝအရည်အသွေး ပိုမိုဖွံ့ဖြိုးလာစေရန်၊ အများပြည်သူနည်းတူ တန်းတူညီမျှ အခွင့်အရေးရရှိရေးကြိုးပမ်းဖော်ဆောင်ရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်တို့ကို အလေးဂရုပြုတတ်စေရန်တို့ဖြစ်သည်။ အထူးသဖြင့် ပိုမိုကောင်းမွန်သည့်ကမ္ဘာ တည်ဆောက်ရာတွင် မသန်စွမ်းသူများသည် တစ်တပ်တစ်အား ပါဝင်ပြီး ရေရှည်တည်တံ့ရေး စုပေါင်းအကောင်အထည်ဖော်နိုင်စေရေးအတွက်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းထုတ်ပြန်သည့် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေသန်း ၁၀၀၀ ကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုးကို ခံစားနေရကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်း (၂ ဒသမ ၃ သန်း) ကျော်သည် မသန်စွမ်းသူများဖြစ်ကြောင်း သိရသည်။

ကမ္ဘာအနှံ့တည်ရှိနေထိုင်ကြသော မသန်စွမ်းသူများအရေးသည် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်လာပြီဖြစ်သောကြောင့် မသန်စွမ်းသူများအား "ကမ္ဘာ့အကြီးမားဆုံး လူနည်းစုအုပ်စု" အဖြစ် သတ်မှတ်လာကြပါသည်။ မသန်စွမ်းသူများသည် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုခံရနေပြီး အမျိုးမျိုးသော ဆင်းရဲဒုက္ခများ ခံစားနေရကာ အခွင့်အရေးများ ဆုံးရှုံးလျက်ရှိပါသည်။ မသန်စွမ်းသူများ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြသဖြင့် ဘူးလေးရာဖရုံဆင့်ဆိုသကဲ့သို့ အားနည်းသူများအဖြစ် ခံစားနေကြရသည်။

**◆ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းထုတ်ပြန်သည့် မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေသန်း ၁၀၀၀ ကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုးကို ခံစားနေရကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်း(၂ ဒသမ ၃ သန်း)ကျော်သည် မသန်စွမ်းသူများဖြစ်ကြောင်း သိရသည်**

### မသန်စွမ်းသူများ၏ အခွင့်အရေးသဘောတူစာချုပ်

ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံများက မသန်စွမ်းသူများကိုယ်တိုင် အခွင့်အရေးများ ခံစားရရှိရေး၊ မွေးရာပါဂုဏ်သိက္ခာများကို လေးစားတန်ဖိုးထားခံရရေးနှင့် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အခက်အခဲ အတားအဆီးများရှိနေကြောင်းကို အသိအမှတ်ပြု၍ ခွဲခြားဆက်ဆံခံရမှုများ ပပျောက်ပြီး တန်းတူညီမျှ အခွင့်အရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ကုလသမဂ္ဂသည် မသန်စွမ်းသူများအပေါ်ထားရှိသည့် စိတ်သဘောထားများနှင့် ဖြေရှင်းမှုပုံစံများကို ပြုပြင်ပြောင်းလဲနိုင်ရန် ရည်ရွယ်၍ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် မသန်စွမ်းသူများ၏အခွင့်အရေး သဘောတူစာချုပ်ကို ထုတ်ပြန်ခဲ့ရာ ကမ္ဘာ့နိုင်ငံအသီးသီးက လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံသည် ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာ ၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုး ဝင်ရောက်ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးပြီးနောက် မသန်စွမ်းသူများ အခွင့်အရေး တန်းတူ တူညီရရှိရေးအတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂ (ခ)အရ "နိုင်ငံတော်သည် မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်"ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ ထိရောက်စွာ ကူညီစောင့်ရှောက်နိုင်ရေးအတွက် "မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ"ကို ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် ပြဋ္ဌာန်းလိုက်ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် နည်းဥပဒေကို ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ၏ အခွင့်အရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မသန်စွမ်းသူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားကဏ္ဍကို မြှင့်တင်ပေးလျက် ရှိပါသည်။ အင်ဒိုနီးရှားနိုင်ငံ SURADAKA (Solo)မြို့၌ ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာ မသန်စွမ်းအားကစားသမား ၆၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ် ၄၃ ခု ရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံအနက် အဆင့်ခြောက်နေရာရရှိခဲ့သည်။ အားကစားသည် ကိုယ်အင်္ဂါကျန်းမာကြံ့ခိုင်ရေးကို အဓိကရည်ရွယ်သော်လည်း အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခြင်းသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထည်ဝါခံ့ညားစေသဖြင့် အားကစားမြင့်မားရေးသည် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါသည်။

### မသန်စွမ်းသူများအတွက် အခွင့်အရေး

မသန်စွမ်းသူများသည် ဂုဏ်သိက္ခာရှိစွာ၊ အမှီအခိုကင်းစွာ ဘဝရပ်တည် နေထိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေးတို့သည် အရေးကြီးပါသည်။ နိုင်ငံတော်အစိုးရနှင့် ပရဟိတအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ကြိုးစားမှု စွမ်းအားများကြောင့် မသန်စွမ်းသူများ၏ လှုပ်ရှားမှုများသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုများ ရှိလာခဲ့ပါသည်။ မသန်စွမ်းသူများ၏ အနုပညာတစ်စိတ်တစ်ပိုင်းကို ဖော်ထုတ်ခွင့်ရရှိသော မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် အတီးပြိုင်ပွဲ၌ ပံ့ပိုးကူညီတီးခတ်ပေးခြင်းများကို ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် ပန်းချီ၊ ဓာတ်ပုံပြပွဲ ပြိုင်ပွဲများ၊ ပိုးဇာပုံနှိပ်၊ ကြိမ်ထိုး၊ ဆံသ၊ ကွန်ပျူတာ၊ အနှိပ်ပညာ စသည်ဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်နေပြီဖြစ်သည်။

မသန်စွမ်းသူများအတွက် မျက်မမြင်သုံး အီးမေးလ်၊ အင်တာနက်များ၊ နားမကြားကလေးများအတွက် မြန်မာလက်သင်္ကေတပြ အခြေခံစကားပြောစာအုပ်များ ထွက်ရှိလာခဲ့သည်။ ဉာဏ်ရည်နိမ့်ကလေးများအတွက် အဆင့်မြင့်နည်းပညာများ ပေါ်ထွက်လျက်ရှိပြီး စောင့်ရှောက်ရေးဂေဟာများ ကောင်းမွန်စွာပေါ်ထွက်လာခဲ့သည်။ နှစ်စဉ် ပညာတတ်ဘွဲ့ရထူးချွန်သော ကျောင်းသားပေါင်းများစွာ ပေါ်ထွက်လာခဲ့သည်။

နိုင်ငံတော်က မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ထားရှိခဲ့ပါသည်။ အမျိုးသားကော်မတီ၏လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ကာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၇)ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ဆပ်ကော်မတီများ ပြင်ဆင်ဖွဲ့စည်းရေးလုပ်ငန်းများ၊ မသန်စွမ်းအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အရင်းမပျောက် မတည်ငွေကျပ်သုံးဘီလီယံကို တိုးပွားအောင် ဆောင်ရွက်ပြီး မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများအား ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

သန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်းကို ကနဦးစီမံကိန်းနယ်မြေလေးခုဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့်

*စာမျက်နှာ ၁၁ သို့*

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ကြေး ထောက်ပံ့ပေးအပ် သာပေါင်းမြို့နယ်အတွင်းရှိ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁

**၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြေး ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ရုံးခန်းမ၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။**

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြား လျက်ရှိသည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(ယာပုံ)** ဆက်လက်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြို့နယ် (၈)မြို့နယ်တို့မှ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် သက်ကြီးမသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ၎င်းတို့၏ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အလားတူ ရှေ့ဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းရှိ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များကို ယူနီဖောင်းနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ယူနီဖောင်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် နယ်မြေခံဆေးအဖွဲ့က ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## သီလဝါအထူးစီးပွားရေးဇုန်အတွင်း သန့်ရှင်းသာယာရေး မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး



**ရန်ကုန် ဒီဇင်ဘာ ၁**

သီလဝါ အထူးစီးပွားရေးဇုန်အတွင်း သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ လမ်းဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် သီလဝါအထူး စီးပွားရေးဇုန် ကြီးကြပ်မှုကော်မတီတို့မှ တာဝန်ရှိသူများပါ လိုက်ပါခဲ့ကြပြီး သန်လျင်-ကျောက်တန်း လမ်းတစ်လျှောက် လမ်းဘေးဝဲယာ မြက်ပင်ချုံနွယ်များ ရှင်းလင်း၍ သန့်ရှင်းရေးပြုလုပ်နေမှု၊ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်အတွင်းရှိ သီလဝါအထူးစီးပွားရေးဇုန်လမ်းနှင့် သဘော်ဖျက်စက်ရုံလမ်းတစ်လျှောက် လမ်းများကောင်းမွန်ရေးနှင့် လမ်းဝဲယာ တိုးချဲ့ခင်းကျင်းနိုင်ရေး စက်ယန္တရားများဖြင့် မြေပြုပြင်ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းဖြင့် မသန်စွမ်းမှုအဆင့်အလိုက် လိုအပ်သော ပံ့ပိုးမှုများကို သိရှိပံ့ပိုးနိုင်မည်ဖြစ်သည်။ ထို့ပြင် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မသန်စွမ်းသူများအပေါ် ကူညီထောက်ပံ့မှုများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည်ဖြစ်ရာ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်စေရေးအတွက် စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိရာ မသန်စွမ်းသူများအား အလွန်အကျိုးရှိစေပါသည်။

မသန်စွမ်းသူများ၏ဦးရေ ၈၅ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့များဖြစ်ကြပြီး အလုပ်လုပ်ရန် ဆန္ဒရှိ စွမ်းဆောင်ရည်လည်းရှိသော်လည်း အလုပ်ရှင်အများစုက ငြင်းပယ်သဖြင့် အလုပ်လုပ်ရန် အလွန်ခက်ခဲသူများအဖြစ် လေ့လာသိရှိရသည်။ မသန်စွမ်း ကလေးသူငယ်များ၏အခြေအနေမှာ သုံးဦးလျှင် နှစ်ဦးမှာ ကျောင်းမတက်နိုင်ကြဘဲ ၃၆ ရာခိုင်နှုန်းသာ စာရေးစာဖတ်တတ်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံရှိ ၂ ဒသမ ၃ သန်းသော မသန်စွမ်းသူများနှင့် ၎င်းတို့၏ မိသားစုဝင် ခုနစ်သန်းခန့်တို့သည် ဆင်းရဲမှုသံသရာမှ ရုန်းထွက်နိုင်ရေးအတွက် ကုလသမဂ္ဂက ချမှတ်ထားသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (၁၇) ရပ် (၂၀၁၆-၂၀၃၀)အောင်မြင်ရေးသည် အရေးကြီးသကဲ့သို့ မသန်စွမ်းသူများပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရန် လိုအပ်ပါသည်။

မသန်စွမ်းသူများသည် မျက်စိမမြင်သော်လည်း မိမိတို့စွမ်းရည်ကို ပြသနိုင်သူများဖြစ်သည်။ နားမကြားသော်လည်း မိမိတို့စွမ်းရည်ကို ပြသနိုင်သူများဖြစ်ပါသည်။ ကိုယ်လက်အင်္ဂါချို့တဲ့သော်လည်း သာမန်လူများကဲ့သို့ စွမ်းရည်ရှိသူများ စွမ်းဆောင်နိုင်သူများ ဖြစ်လေသည်။ သို့ဖြစ်၍ မသန်စွမ်းသူများအား လူအများက လျစ်လျူရှု၍ မနေသင့်ဘဲ မိမိတို့စွမ်းသမျှ ကူညီရန် လိုအပ်သည်။ သို့မှသာ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြင့်မားမှုသည် တိုင်းပြည်အတွက် အကျိုးရှိသော အခန်းကဏ္ဍမှ ခိုင်မာစွာရပ်တည်နိုင်ပေလိမ့်မည်ဖြစ်သည်။ ။

ကျမ်းကိုး

- မြန်မာ့အလင်းသတင်းစာ
- MWD Webprotal
- မြဲကျွန်းညို



## နိုင်ငံတကာစစ်ရေယာဉ်များတွေ့ဆုံပွဲ (IFR) သို့ တက်ရောက်ရန် တပ်မတော်(ရေ)မှ ကိုယ်စားလှယ်အဖွဲ့များပါဝင်သော စစ်ရေယာဉ်(ကျန်စစ်သား) ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၁**


ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့တွင် ကျင်းပမည့် နိုင်ငံတကာစစ်ရေယာဉ်များတွေ့ဆုံပွဲ (International Fleet Review-IFR) သို့ တက်ရောက်ရန်အတွက် တပ်မတော် (ရေ) မှ ဗိုလ်မှူးကြီး သိန်းစိုး ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များ ပါဝင်သည့် စစ်ရေယာဉ် (ကျန်စစ်သား) သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ အမှတ် (၃) ရေတပ်ဆိပ်ခံတံတား (သီလဝါ) မှ ထွက်ခွာရာ သန်လျင်တပ်နယ်မှ တပ်မတော် အရာရှိကြီးများနှင့် တပ်မတော် (ရေ) မှ အရာရှိ၊ စစ်သည်များက ပို့ဆောင် နှုတ်ဆက်ကြသည်။

အဆိုပါ နိုင်ငံတကာစစ်ရေယာဉ်များတွေ့ဆုံပွဲ (International Fleet Review-IFR) ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့တွင် ဒီဇင်ဘာ ၆ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ စစ်ရေယာဉ် (ကျန်စစ်သား) အပါအဝင် နိုင်ငံတကာမှ စစ်ရေယာဉ်များ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ကမ္ဘောဇဘဏ်ခွဲအား ဓားပြတိုက်လုယက်ရန် စီစဉ်လျက်ရှိသော အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိမှု အခြေပြဇယား။




◆ *ကျောဖုံးမှ*

ဓားပြတိုက်လုယက်မှု ကျူးလွန်ရန် စီစဉ်လျက်ရှိသည့် Anti-Coup People's Liberation Force – ACPLF အမည်ခံ အကြမ်းဖက်အဖွဲ့ မှ **ဝေယံကောင်းထက် (ခ) Lu Aye** ကို မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် စက်ကွေ့ (၆) လမ်း၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ ဝေယံကောင်းထက် (ခ) Lu Aye ၏ ထွက်ဆိုချက်အရ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက် စက်ကွေ့ (၆) လမ်းရှိ ၎င်း၏နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ပွိုင့် ၃၈၀ ကျည် ၁၃ တောင့်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ယင်းနေ့ညပိုင်းတွင် ACPLF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **ဖြိုးသွေးအောင် (ခ) နိုင်ဝင်း၊ နိုင်လင်းဇော် (ခ) သော်ထွန်းအောင်** နှင့် **ဉာဏ်ဝင်းလှိုင်(ခ) ဖိုးခွား** တို့ကို အသီးသီးထပ်မံ ဖမ်းဆီးရမိခဲ့သည်။

တရားခံ ဝေယံကောင်းထက် (ခ) Lu Aye ၏ ထွက်ဆိုချက်အရ ACPLF အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် Anonymous Fighter Force – AFF အမည်ခံအကြမ်းဖက်အဖွဲ့ တို့မှ ပူးပေါင်း၍ သာကေတမြို့နယ် မြင်တော်သာလမ်းနှင့် ဇင်္ဂမလမ်းထောင့်ရှိ ကမ္ဘောဇဘဏ်ခွဲ အား ဓားပြတိုက်လုယက်မှုများ ကျူးလွန်ရန် စီစဉ်ထားရှိကြောင်း ဖော်ထုတ်သိရှိရပြီး ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် AFF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် **သက်ဇော်အောင်(ခ) အောင်လေး** ကို မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပန်းခြံအနီး၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **သက်ဇော်အောင်(ခ) အောင်လေး** ၏ ထွက်ဆိုချက်အရ ကမ္ဘောဇဘဏ်ခွဲအား ဓားပြတိုက်လုယက်မှုများ ကျူးလွန်ရန်အတွက် ၎င်းတို့၏ အဖွဲ့ဝင်များသည် ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားအနီး လူကူးခုံးကျော်တံတားပေါ်၌ စုဝေးလျက်ရှိကြောင်း ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးစဉ် တရားခံများမှ ပြန်လည်ခုခံတိုက်ခိုက်ခဲ့သည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်များအား လုယူထွက်ပြေးရန် ကြိုးပမ်းခဲ့သောကြောင့် ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာ **သိန်းကျော်စွာ(ခ) ကျော်ကြီး၊ မျိုးမင်းဟိန်း(ခ)မဲကြီး၊ အာကာမင်းသိန်း** တို့ သုံးဦးကို လက်လုပ်မိုင်း နှစ်လုံးဖြင့်လည်းကောင်း၊ **ညီမင်းထွန်း** အား လက်နက်ငယ် ကျည်ထိမှန်ဒဏ်ရာဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခြင်းနှင့် ဓားပြတိုက်လုယက်ခြင်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည့် တရားခံများ ကိုးဦးကို ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ကျည်မျိုးစုံ ၁၃ တောင့်၊ လက်လုပ်မိုင်း နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ် ဧပြီလတွင် **ဝေယံကောင်းထက်(ခ) Lu Aye ၊ ဖြိုးသွေးအောင် (ခ) နိုင်ဝင်း** နှင့် **သိန်းကျော်စွာ (ခ) ကျော်ကြီး** တို့သည် KNLA တပ်မဟာ(၆)လှုပ်ရှားနယ်မြေ၌လည်းကောင်း၊ **နိုင်လင်းဇော် (ခ)သော်ထွန်းအောင်၊ သက်ဇော်အောင်(ခ) အောင်လေး** နှင့် **အာကာမင်းသိန်း** တို့သည် KNLA တပ်မဟာ(၃) လှုပ်ရှားနယ်မြေ၌လည်းကောင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ACPLF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ဖမ်းဆီးရန်ကျန်တရားခံ **ဇော်ကြီး** မှခေါင်းဆောင်၍ **ဖြိုးသွေးအောင် (ခ)နိုင်ဝင်း၊ နိုင်လင်းဇော်(ခ)သော်ထွန်းအောင်၊ ဉာဏ်ဝင်းလှိုင် (ခ) ဖိုးခွား**နှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သော **ဟိန်းထက်၊ ကောင်းထက်၊ ကြက်ဖကြီး၊ သားငယ်၊ ညီညီလင်းနောင်၊ ပြည်ရှိန်း၊ ကိုပေါက်၊ ညီညီအောင်၊ ကိုညို၊ ဦးလေး၊ ပဲခူးသား၊ ချစ်ကို၊ ဇင်မင်းချစ်** နှင့် **မင်းချမ်းမြေ့** တို့ပါဝင်သော အဖွဲ့ဝင် ၁၈ ဦးဖြင့် လည်းကောင်း၊ AFF အမည်ခံ အကြမ်းဖက်အဖွဲ့ ကို ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ဖမ်းဆီးရန်ကျန်တရားခံ **ကာရံမိုး** မှ ခေါင်းဆောင်၍ **သက်ဇော်အောင် (ခ) အောင်လေး၊ သိန်းကျော်စွာ(ခ)ကျော်ကြီး၊ မျိုးမင်းဟိန်း(ခ)မဲကြီး၊ အာကာမင်းသိန်း၊ ညီမင်းထွန်း** နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဟန်လင်းထက်၊ ဘီဘီ၊ ပြည့်ဖြိုးအောင်၊ ရိုဟစ်၊ စည်သူအောင်** နှင့် **ကတုံး** တို့ပါဝင်သော အဖွဲ့ဝင် ၁၃ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အဆိုပါ အကြမ်းဖက်အဖွဲ့များသည် မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ၊ အပြစ်မဲ့ပြည်သူများကို လက်နက်ဖြင့် ခြိမ်းခြောက်၍ အကျပ်ကိုင်မှုများ၊ လုယက်မှုများ၊ လုပ်ကြံသတ်ဖြတ်မှုများ ဆောင်ရွက်ရန်၊ အကြမ်းဖက်ဖောက်ခွဲမှုဓာတ်ပုံများ လူမှုကွန်ရက်မှတစ်ဆင့် ဖြန့်ဝေ၍ ငွေကြေးကောက်ခံရယူရန် ရည်ရွယ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ACPLF နှင့် AFF အမည်ခံ အကြမ်းဖက်အဖွဲ့တို့သည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်နှင့် အပြစ်မဲ့ ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု လေးကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၂ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဈ) ရပ်ကွက်၌ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဟိန်းထက်** နှင့် **ကောင်းထက်** တို့မှ လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ပြီး **ဝေယံကောင်းထက် (ခ) Lu Aye** မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- အောက်တိုဘာ ၁၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ကန်သာယာ လမ်းဆုံ၌ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဟိန်းထက်** နှင့် **ကောင်းထက်** တို့မှ လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ပြီး **ဖြိုးသွေးအောင် (ခ)နိုင်ဝင်း** မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- အောက်တိုဘာ ၁၈ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူး ရုံးအား **ဝေယံကောင်းထက်(ခ)Lu Aye** နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ဟိန်းထက်** တို့မှ လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ပြီး **နိုင်လင်းဇော် (ခ) သော်ထွန်းအောင်**မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

*စာမျက်နှာ ၁၃ သို့*



၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံး၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ။




သာကေတမြို့နယ် မြင်တော်သာလမ်းနှင့် ဇင်္ဂမလမ်းထောင့်ရှိကမ္ဘောဇဘဏ်ခွဲ၏ မှတ်တမ်းဓာတ်ပုံ။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၃၂) ရပ်ကွက် ပြည်သာယာ(၃)လမ်းနှင့် လက်ဝဲသုန္ဒရ လမ်းထောင့်၌ ရာအိမ်မှူး တစ်ဦးအား အကြမ်းဖက်သမားများမှ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ရာအိမ်မှူး ဦးအောင်အောင် (၄၅) နှစ် (သေဆုံး)

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဋ)ရပ်ကွက် သဇင်လမ်းနှင့် စကားဝါလမ်းထောင့်၌ ရာအိမ်မှူး တစ်ဦးအား အကြမ်းဖက်သမားများမှ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ရာအိမ်မှူး ဦးစိုးစိုး (၄၈) နှစ် (စိုးရိမ်ရ)

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၄၄) ရပ်ကွက် အနီး၌ ရာအိမ်မှူး တစ်ဦးအား အကြမ်းဖက် သမားများမှ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ရာအိမ်မှူး ဦးဆန်းမင်းထွန်း (၄၅) နှစ် (သေဆုံး)



၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် တရားခံ လေးဦးနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် လက်လုပ်မိုင်း နှစ်လုံး၏ မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ကန်သာယာလမ်းဆုံ၌ လက်လုပ်မိုင်း နှစ်လုံး တွေ့ရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



## ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ - ဝေါလေ ကားလမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

ကရင်ပြည်နယ်အတွင်းရှိ ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်တို့အား KNU၊ KNLA မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့၊ NUG အဖွဲ့နှင့် ၎င်း၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ၂၀၂၂ မေလမှ စတင်ထိန်းချုပ်၍ အဆိုပါဒေသတစ်ဝိုက်ရှိ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ စာသင်ကျောင်းများအတွင်း ဝင်ရောက်နေထိုင်ကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းများကြောင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် ဘေးလွတ်ရာ နေရာများသို့ ခေတ္တထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

အဆိုပါဒေသတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများအား ပြန်လည်နေထိုင်နိုင်ရေးအတွက် တယ်လီဖုန်းများဖြင့် လည်းကောင်း၊ အသံချဲ့စက်များဖြင့် မြန်မာဘာသာ၊ ကရင်ဘာသာစကားများဖြင့် လည်းကောင်း အသိပေးနှိုးဆော်၍ ပြန်လည်ဖိတ်ခေါ်ခြင်းနှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးမှုများကြောင့် အေးချမ်းစွာပြန်လည်နေထိုင်လိုသည့် ခေတ္တထွက်ပြေးတိမ်းရှောင်နေသည့် ဒေသခံတိုင်းရင်းသားများမှာ ဝမ်းသာအားရဖြင့် ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့တွင် သေဘောဘိုးကျေးရွာသို့ အမျိုးသား ၉၆ ဦး၊ အမျိုးသမီး ၁၀၄ ဦး စုစုပေါင်း ၂၀၀ ထပ်မံဝင်ရောက်လာခဲ့ပြီး နိုဝင်ဘာ ၂၈ ရက်မှ ယနေ့ထိ သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာများသို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသား အမျိုးသား ၂၁၃ ဦး၊ အမျိုးသမီး ၂၂၄ ဦး စုစုပေါင်း ၄၃၇ ဦးရှိပြီဖြစ်သည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက နေ့ညမပြတ် ပြန်လည်ကြိုဆို၍ စနစ်တကျ လက်ခံလျက်ရှိပြီး ဆန်နှင့် စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အေးစေတီရပ်ကွက်နေ ဟောင်းနန်း (ခ) အဇော်သည် ၎င်းအသုံးပြုသည့် “A zaw” Facebook အကောင့်၊ ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ် (၄) ရပ်ကွက် အေးသာယာ(၄) လမ်းနေ ပြည့်ဝ (ခ) ပြည့်ဝအောင်သည် ၎င်းအသုံးပြုသည့် “Pyai Wuu Aung” Facebook အကောင့်၊ လှိုင်းဘွဲ့မြို့နယ် (ဃ) ရပ်ကွက်နေ လင်းပိုင် (ခ) ဇော်လတ်သည် ၎င်းအသုံးပြုသည့် “User117875855455 (https://tiktok.com/@User117875855455)” tiktok အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာနေ ဇင်မျိုး (ခ) ဇင်မျိုးဝင်းသည် ၎င်းအသုံးပြုသည့် “Zinmyo 2517” tiktok အကောင့်၊ ချင်းပြည်နယ် ဟားခါးမြို့နယ် ပြည်တော်သာရပ်ကွက်နေ မာစီငွန်ရွှေထာချင်း (ခ) မာစီသည် ၎င်းအသုံးပြုသည့် “Mar Si” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၉)ရပ်ကွက်နေ သီဟ (ခ) သီဟသစ်သည် ၎င်းအသုံးပြုသည့် “Thiha Thit” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၂၁) နေ အောင်ကိုလင်း (ခ) ကိုလင်းသည် ၎င်းအသုံးပြုသည့် “Ko Lynn” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၂ မှ*

- နိုဝင်ဘာ ၂၂ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ဈေး၌ **ဖြိုးသွေးအောင် (ခ) နိုင်ဝင်း** မှ လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ပြီး **နိုင်လင်းဇော်(ခ) သော်ထွန်းအောင်** မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။

ACPLF နှင့် AFF အမည်ခံ အကြမ်းဖက်အဖွဲ့တို့သည် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်မှု သုံးကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၄၄)ရပ်ကွက်အနီး၌ ရာအိမ်မှူး ဦးဆန်းမင်းထွန်း ကို **အာကာမင်းသိန်း** နှင့် ဖမ်းဆီးရန်ကျန်တရားခံ **ကတုံး** တို့မှ ပစ္စတိုဖြင့် အကြောင်းမဲ့ ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့ပြီး **သက်ဇော်အောင် (ခ) အောင်လေး**မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- စက်တင်ဘာ ၂၉ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ် (၃၂) ရပ်ကွက် ပြည်သာယာ(၃) လမ်းနှင့် လက်ဝဲသုန္ဒရလမ်းထောင့်၌ ရာအိမ်မှူး ဦးအောင်အောင်ကို **သက်ဇော်အောင် (ခ) အောင်လေး** မှ ပစ္စတိုဖြင့် အကြောင်းမဲ့ ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့ပြီး **အာကာမင်းသိန်း**မှ အခြေအနေ စောင့်ကြည့်ပေးခဲ့ကြောင်း။
- အောက်တိုဘာ ၂၆ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် သဇင်လမ်းနှင့် ဧကားဝါလမ်းထောင့်၌ ရာအိမ်မှူး ဦးစိုးစိုး ကို **ဝေယံကောင်းထက်(ခ)Lu Aye** မှ ပစ္စတိုဖြင့် အကြောင်းမဲ့ ပစ်ခတ်လုပ်ကြံ သတ်ဖြတ်ခဲ့ပြီး **ဖြိုးသွေးအောင် (ခ) နိုင်ဝင်း**နှင့် **နိုင်လင်းဇော် (ခ) သော်ထွန်းအောင်** တို့မှ အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါအကြမ်းဖက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခြင်းများကို ညောင်လေးပင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့မှ KNLA တပ်မဟာ(၃)လှုပ်ရှားနယ်မြေ၌ တိမ်းရှောင်လျက်ရှိသော ဖမ်းဆီးရန်ကျန်တရားခံ **ဇော်ကြီး** နှင့် **ကာရံမိုး** တို့မှ ခိုင်းစေခဲ့ခြင်းဖြစ်ပြီး လက်နက် / ခဲယမ်းများကိုလည်း ထောက်ပံ့ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ညောင်လေးပင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန်တရားခံ **ဇော်ကြီး** နှင့် **ကာရံမိုး** တို့၏ ခိုင်းစေချက်အရ AFF အမည်ခံအကြမ်းဖက်အဖွဲ့မှ **သိန်းကျော်စွာ (ခ) ကျော်ကြီး** ဦးဆောင်၍ **သက်ဇော်အောင် (ခ)အောင်လေး၊ မျိုးမင်းဟိန်း(ခ) မဲကြီး၊ အာကာမင်းသိန်း** နှင့် **ညီမင်းထွန်း** တို့သည် ACPLF အမည်ခံ အကြမ်းဖက်အဖွဲ့မှ **ဝေယံကောင်းထက်(ခ)Lu Aye၊ ဖြိုးသွေးအောင် (ခ)နိုင်ဝင်း** တို့နှင့် ပူးပေါင်း၍ နိုဝင်ဘာ ၃၀ ရက်တွင် သာကေတမြို့နယ် မြင်တော်သာလမ်းနှင့် ဇဂ်မလမ်းထောင့်ရှိ ကမ္ဘောဇဘဏ်ခွဲအား ဓားပြတိုက်လုယက်မှုများ ကျူးလွန်ရန်အတွက် Telegram မှတစ်ဆင့် တွေ့ဆုံ၍ အစီအစဉ်များ ရေးဆွဲခဲ့ကာ တာဝန်ခွဲဝေပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အဆိုပါ အစီအစဉ်များ ရေးဆွဲ၍ တာဝန်ခွဲဝေမှုတွင် -

- တရားခံ **သိန်းကျော်စွာ(ခ) ကျော်ကြီး၊ အာကာမင်းသိန်း၊ သက်ဇော်အောင်(ခ) အောင်လေး၊ မျိုးမင်းဟိန်း (ခ)မဲကြီး** တို့ လေးဦးသည် ဘဏ်အတွင်းသို့ ဝင်ရောက်ကာ **သိန်းကျော်စွာ (ခ) ကျော်ကြီး၊ အာကာမင်းသိန်း**တို့ နှစ်ဦးမှ ငွေထုတ် ကောင်တာသို့ သွားရောက်၍ ငွေများ လုယက် ယူဆောင်ရန်၊ **သက်ဇော်အောင် (ခ) အောင်လေး** နှင့် **မျိုးမင်းဟိန်း(ခ)မဲကြီး** တို့ နှစ်ဦးသည် ဘဏ်ဝန်ထမ်းများနှင့် ဘဏ်သို့လာရောက်သည့် ပြည်သူများကို လက်နက်ပြ၍ ခြိမ်းခြောက်ပြီး ဓားစာခံအဖြစ် ဆောင်ရွက်ရန်။
- **ဝေယံကောင်းထက်(ခ)Lu Aye၊ ဖြိုးသွေးအောင်(ခ) နိုင်ဝင်း၊ ညီမင်းထွန်း** တို့ သုံးဦးသည် ဘဏ်အပြင်ဘက်၌ အခြေအနေ စောင့်ကြည့်ပြီး မော်တော်ယာဉ်တစ်စီးဖြင့် အသင့်စောင့်ဆိုင်းနေရန်။

တရားခံများ၏ ထွက်ဆိုချက်အရ ဘဏ်ဓားပြတိုက်မှုကျူးလွန်ပြီး ငွေကြေးများရရှိပါက အဆိုပါငွေကြေးများအား ၎င်းတို့၏ ကိုယ်ရေးကိုယ်တာ သုံးစွဲခြင်း၊ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခြင်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် အတွက် လက်နက်ခဲယမ်းများ ထပ်မံဝယ်ယူရာတွင် အသုံးပြုသွားရန် ရည်ရွယ်ထားရှိကြောင်း ဖော်ထုတ် သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ၎င်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

# တရုတ်နှင့် လာအိုနိုင်ငံခေါင်းဆောင်များ နှစ်နိုင်ငံ စီးပွားရေးဆက်ဆံမှုတိုးမြှင့်ရန် ကတိပြု

**ပေကျင်း ဒီဇင်ဘာ ၁**


တရုတ်နှင့် လာအိုနိုင်ငံခေါင်းဆောင်များသည် စီးပွားရေးဆက်ဆံမှု တိုးမြှင့်ရန် ကတိပြုခဲ့ကြသည်။ လာအိုသမ္မတ သွန်လွန်းဆီဆိုလစ် ၏ ပေကျင်း ခရီးစဉ်အတွင်း ထိုသို့ ကတိပြုခဲ့ကြခြင်းဖြစ်သည်။ တရုတ်သမ္မတ ရှီကျင့်ဖျင်သည် လာအိုသမ္မတနှင့် နိုဝင်ဘာ ၃၀ ရက်ကတွေ့ဆုံခဲ့သည်။

တရုတ်နိုင်ငံသည် ၎င်း၏ အိမ်နီးချင်းနိုင်ငံဖြစ်သော လာအိုနိုင်ငံတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို ပိုမိုလုပ်ဆောင်သွားရန်နှင့် ၎င်း၏ထုတ်ကုန်များကို ပိုမိုတင်သွင်းသွားရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း ရှီကျင့်ဖျင်က ပြောကြားသည်။

တရုတ်နိုင်ငံက ထောက်ပံ့ထားသော အခြေခံအဆောက်အအုံစီမံကိန်းများသည် လာအိုနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှပါဝင်ကြောင်း သွန်လွန်းဆီဆိုလစ်က ပြောသည်။ တရုတ်နိုင်ငံအနောက်တောင်ပိုင်းမှ လာအိုမြို့တော် ဗီယန်ကျင်းသို့ ဆက်သွယ်ထားသော ကီလိုမီတာ ၁၀၀၀ ခန့်ရှိသည့် ရထားလမ်းတည်ဆောက်ခြင်းကို လွန်ခဲ့သောနှစ်က စတင်ခဲ့သည်။ အဆိုပါစီမံကိန်းသည် ကြီးမားသော စီးပွားရေးဇုန်တစ်ခုဖန်တီးရန် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းမတည်ဆောက်ရေးအောက်ရှိ အထင်ကရစီမံကိန်းတစ်ခုဖြစ်သည်။

နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံမှုတွင် တရုတ်သမ္မတဟောင်း ကျန်ဇီမင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း ဖော်ပြခဲ့ကြသည်။ သွန်လွန်း၏ တရုတ်နိုင်ငံသို့ သုံးရက်ကြာခရီးစဉ်သည် လွန်ခဲ့သောနှစ် သမ္မတတာဝန်ယူသည့်အချိန်မှစကာ ပထမဆုံး နိုင်ငံရပ်ခြားခရီးစဉ်တစ်ခုဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



လာအိုသမ္မတ သွန်လွန်းဆီဆိုလစ် နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တွေ့ဆုံနှုတ်ဆက်နေစဉ်။



အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်။

## အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွား

**ဝါရှင်တန် ဒီဇင်ဘာ ၁**

အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်က သူ့တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း နိုဝင်ဘာ ၃၀ ရက်က ပြောကြားလိုက်သည်။

အသက် ၇၆ နှစ်ရှိ ဘီလ်ကလင်တန်က သူသည် ကိုဗစ်-၁၉ အပျော့စားရောဂါလက္ခဏာများ ခံစားနေရကြောင်း၊ သို့သော်လည်း နေအိမ်တွင် အလုပ်များလျက်ရှိပြီး အခြေအနေကောင်းမွန်လျက်ရှိကြောင်း တွစ်တာတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးများနှင့် အပိုဆောင်းကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးထားသော အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်က လူတိုင်းလူတိုင်း သူ့လိုကာကွယ်ဆေးများ ထိုးထားကြရန် တိုက်တွန်းထားသည်။

အထူးသဖြင့် ယခုလို ဆောင်းတွင်းဝင်ရောက်လာသည့် ကာလများတွင် ကာကွယ်ဆေးထိုးဖြစ်အောင် ထိုးထားကြရန် တိုက်တွန်းထားသည်။

**ဆင်ဟွာ**

## ဂျီ-၂၀ ဥက္ကဋ္ဌရာထူးကို အိန္ဒိယနိုင်ငံ တရားဝင်လွှဲပြောင်းရယူ

**နယူးဒေလီ ဒီဇင်ဘာ ၁**

အိန္ဒိယနိုင်ငံသည် ဒီဇင်ဘာ ၁ ရက်က စက်မှုထိပ်သီးနိုင်ငံများ (ဂျီ-၂၀) အုပ်စု၏ ဥက္ကဋ္ဌရာထူးကို တရားဝင်လွှဲပြောင်းရယူခဲ့ကြောင်း ဝန်ကြီးချုပ် နာရိန်ဒရာ မိုဒီက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ဂျီ-၂၀ ဥက္ကဋ္ဌရာထူးသက်တမ်းအတွင်း ကမ္ဘာလုံးဆိုင်ရာ စည်းလုံးညီညွတ်မှုကို မြှင့်တင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နာရိန်ဒရာ မိုဒီက ပြောကြားလိုက်သည်။

လွန်ခဲ့သောလက မိုဒီသည် အိန္ဒိယနိုင်ငံ၏ ဂျီ-၂၀ ဥက္ကဋ္ဌရာထူးအတွက် ဆောင်ပုဒ်နှင့် လိုဂိုကို ထုတ်ဖော်ခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ဂျီ-၂၀ ဥက္ကဋ္ဌရာထူးအတွက် ဆောင်ပုဒ်မှာ ကမ္ဘာတစ်ခု၊ မိသားတစ်စု၊ အနာဂတ်တစ်ခုဖြစ်သည်။

**ဆင်ဟွာ**




## ဘဏ္ဍာငွေလိုအပ်ချက်ကြောင့် ဆူဒန်သို့ အစားအသောက်အကူအညီများ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ဖြတ်တောက်မည်

**ခါတွန် ဒီဇင်ဘာ ၁**

ဘဏ္ဍာငွေ ပြတ်တောက်မှုကြောင့် ဆူဒန်နိုင်ငံသို့ ထောက်ပံ့မည့် အစားအသောက် အကူအညီများကို လျှော့ချသွားမည်ဟု နိုဝင်ဘာ ၃၀ ရက်တွင် ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်မှ ပြောသည်။

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ အကူအညီများ ဖြတ်တောက်ခြင်းကြောင့် ဆူဒန်နိုင်ငံတွင် ကလေးငယ်များ အာဟာရချို့တဲ့မှုကို ပိုမိုဆိုးရွားလာစေနိုင်ပြီး လူဦးရေ ၁ ဒသမ ၇ သန်း အာဟာရချို့တဲ့သည့်ကလေးငယ် ၅၀ ရာခိုင်နှုန်း သေဆုံးနိုင်ခြေလည်း မြင့်မားလာစေနိုင်သည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ သတင်းထုတ်ပြန်သည်။ ပုံမှန်လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်နိုင်ရန်အတွက် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးသည် ယခုနှစ်ကုန်ပိုင်းမတိုင်မီအချိန်အထိ အမေရိကန်ဒေါ်လာ ခုနစ်သန်းနီးပါး အကူအညီရရန် လိုအပ်သည်။

ရန်ပုံငွေပြတ်တောက်မှုကြောင့် ဆူဒန်ကျောင်းသားများကို စာသင်ကျောင်းတွင် ကျွေးမွေးသည့်အစီအစဉ်မှာ ခြောက်ရာခိုင်နှုန်းမျှသာ လုပ်ဆောင်နိုင်တော့သည်။ ဇွန်လအတွင်းကလည်း ဆူဒန်နိုင်ငံရှိ လူဦးရေသုံးပုံတစ်ပုံ လူဦးရေ ၁၅ သန်းနီးပါးမှာ အစားအသောက် လုံခြုံစိတ်ချရမှုမရှိခြင်းနှင့် ကြုံတွေ့နိုင်သည်ဟု ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ သတိပေးထားသည်။ **ဆင်ဟွာ**



ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အစားအသောက်အကူအညီများကို အလုပ်သမားများက သယ်ဆောင်နေစဉ်။

## တိုကျိုၵွ် ကိုဗစ် - ၁၉ ဆေးဝန်ဆောင်မှုအတွက် သတိပေးချက်ကို ဒုတိယအမြင့်ဆုံး မြှင့်တင်သွားဖွယ်ရှိ

**တိုကျို ဒီဇင်ဘာ ၁**

တိုကျိုမြို့၌ လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကူးစက်မှုများကြောင့် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုကို ဒုတိယအမြင့်ဆုံးသတိပေးမှု ထုတ်ပြန်သွားရန် တိုကျိုမြို့တော်အစိုးရအဖွဲ့ ကျွမ်းကျင်ပညာရှင်အဖွဲ့က မျှော်လင့်ထားသည်။

နိုဝင်ဘာ ၃၀ ရက်တွင် ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက်ကုသရသူဦးရေမှာ ၃၀၀၀ ကျော် ရှိပြီး အဆိုပါပမာဏမှာ ယခင်သုံးပတ်ကနှင့် နှိုင်းယှဉ်လျှင် ၁၀၀၀ ခန့် မြင့်မားလာကြောင်း တွေ့ရသည်။ ဒီဇင်ဘာ ၁ ရက်နေ့ အစည်းအဝေးတွင် တိုကျိုမြို့တော်တွင် ရောဂါကူးစက်မှုများနှင့် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများ၏ အခြေအနေကို ကျွမ်းကျင်သူများက အကဲခတ်ကြသည်။ ဆေးရုံတက်ကုသရသူဦးရေပိုမိုများပြားလာမည်ဟုခန့်မှန်းထားသည့်အတွက် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများမြှင့်တင်ရန် ကျွမ်းကျင်ပညာရှင်များအဖွဲ့က သဘောတူခဲ့သည်ဟု သတင်းအရင်းအမြစ်များအရ သိရသည်။

လွန်ခဲ့သော သီတင်းနှစ်ပတ်ခန့်ကတည်းက ကူးစက်မှုအနေအထားမှာ ဒုတိယအမြင့်ဆုံးသို့ ရောက်ရှိလာသည်။ ဒီဇင်ဘာ ၁ ရက်တွင် တိုကျိုမြို့၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၂၃၃၂ ဦးရှိသည်ဟု ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ပြီးခဲ့သည့် တစ်ပတ်ခန့်ကနှင့် နှိုင်းယှဉ်လျှင် ၆၆၉၃ ဦး တိုးလာခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦးတွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

**(၁-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၂၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၇၄,၂၀၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း (၆၃၃,၂၆၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၇,၇၇၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှု အနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၁၆) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၅ | ၂၀၄၀ | ၂၀၃၅ | ၂၀၀၀ | ၂၀၄၀ | ၂၀၆၀ | ၂၀၄၅ | ၂၀၂၅ | ၂၁၂၀ | ၂၁၃၅ | ၂၀၃၀ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၂၉၅ | ၂၉၂၀ |
| 95 Ron | ၂၀၇၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၀ | ၂၁၁၅ | ၂၁၄၀ | ၂၁၂၅ | ၂၁၀၀ | ၂၁၉၅ | ၂၂၁၀ | ၂၁၁၀ | ၂၁၂၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၅ | ၂၃၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၂၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၅ | ၂၄၇၀ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၅၇၀ | ၂၅၆၅ | ၂၄၆၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၁၀ | ၂၅၁၀ | ၂၇၃၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၅၀၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၅၄၅ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၅ | ၂၆၄၅ | ၂၆၄၀ | ၂၅၄၀ | ၂၅၅၀ | ၂၅၈၅ | ၂၅၈၅ | ၂၅၈၅ | ၂၈၀၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၅၀၀ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၅၄၅ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၅ | ၂၆၄၅ | ၂၆၄၀ | ၂၅၄၀ | ၂၅၅၀ | ၂၅၈၅ | ၂၅၈၅ | ၂၅၈၅ | ၂၈၀၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၆ | ၁၉၆၇ |
| 95 Ron | ၁၉၇၀ | ၂၀၄၃ |
| HSD (500 ppm) | ၂၃၁၅ | ၂၃၉၁ |
| HSD (50 ppm) | ၂၃၈၈ | ၂၄၆၆ |
| HSD (10 ppm) | ၂၃၈၈ | ၂၄၆၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တစ်ဦးချင်းပုဂ္ဂိုလ် အခွန်ထမ်းများအနေဖြင့် MPU ကတ်ဖြင့် အွန်လိုင်းမှ အခွန်ပေးဆောင်နိုင်ရန် မြို့နယ်ရုံး ၇၅ ရုံး တိုးချဲ့ဖွင့်လှစ်

ပြည်တွင်းအခွန်များဦးစီးဌာနက ပြည်သူများ အခွန်ပေးဆောင်မှု ပိုမိုလွယ်ကူ လျင်မြန်စေရေးအတွက် အခွန်ပေးဆောင်ရာတွင် အီလက်ထရောနစ် ငွေပေးချေမှုနည်းလမ်းများဖြင့် ပေးဆောင်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၇ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတို့၌ အခွန်ရုံး ၇၅ ရုံးခန့်ကို ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးထားခဲ့ရာ ယခုအခါ မြို့နယ်အခွန်ရုံး ၁၁၁ ရုံး၌ တစ်ဦးချင်းပုဂ္ဂိုလ် အခွန်ထမ်းသူများအနေဖြင့် e-commerce ဖွင့်လှစ်ထားသော MPU Debit Card ကို အသုံးပြု၍ ပြည်တွင်းအခွန်များဦးစီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.ird.gov.mm ရှိ Start Your Tax Online Payment မှတစ်ဆင့် အခွန်ပေးဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အခွန်ပေးသွင်းပြီးပါက အခွန်ပေးသွင်းသူထံသို့ Transaction Successful ဖြစ်ကြောင်း စနစ်မှ e-mail ပေးပို့မည်ဖြစ်ပြီး သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းတွင် အခွန်ငွေ လက်ခံရရှိပြီးပါက ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထား ပတခ(e-payment) ကို အခွန်ထမ်းထံသို့ အီလက်ထရောနစ်နည်းလမ်းဖြင့် ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

အခွန်ထမ်းများအနေဖြင့် အွန်လိုင်းမှ အခွန်ပေးသွင်းလုပ်ငန်းစဉ်များအတွက် ဌာန၏ ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပြီး အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံးများ၊ အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာပိုင်းဆိုင်ရာ အကူအညီပေးရေးစင်တာ(e-Services Help Desk Center) ဖုန်းနံပါတ် ၀၁-၈၃၇၈၃၇၁၊ သတင်းအချက်အလက်နည်းပညာဌာနခွဲ(e-payment Section) ဖုန်းနံပါတ် ၀၁-၈၃၇၉၀၂ နှင့် သက်ဆိုင်ရာအခွန်ရုံးများသို့လည်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သီရိ**

## ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ ရွှေပညာဒါနသင်တန်း (၁/၂၀၂၂) စတင်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA)၏ ရွှေပညာဒါန အခမဲ့ ရွှေပညာသင်တန်း အမှတ်စဉ်(၁/၂၀၂၂) ဖွင့်ပွဲကို ဒီဇင်ဘာ ၁ ရက်က အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရွှေလုပ်ငန်းရှင်များအသင်း နာယက ဦးဆန်းလွင်နှင့် အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အသင်းအထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က သင်တန်းဆရာများနှင့် သင်တန်းသားများအား မိတ်ဆက်ပေးပြီး သင်တန်းစတင်ပို့ချသည်။ သင်တန်း ပထမနေ့တွင် ရွှေသတ္တုတူးဖော်ခြင်း ဘာသာရပ်ကို အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်ကြားပို့ချခဲ့သည်။



**၁၀၄ ဦး တက်ရောက်**

အဆိုပါ YGEA ရွှေပညာဒါန သင်တန်းသို့ သင်တန်းသားဦးရေ ၁၀၄ ဦး တက်ရောက်ခဲ့ပြီး YGEA အနေဖြင့် ရွှေပညာဒါန အခမဲ့ရွှေပညာ သင်တန်းများ ပို့ချသည်မှာ ၂၂ ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။ **သီရိ**

## သွင်းကုန်လိုင်စင် ပါမစ်လျှောက်ထားသည်နှင့် အွန်လိုင်းဝန်ဆောင်ခ ကောက်ခံသွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁**

ကုန်သွယ်ရေးဦးစီးဌာနသည် Tradenet 2.0 စနစ်ဖြင့် လျှောက်ထားသော ပင်လယ်ရေကြောင်း၊ နယ်စပ်သွင်းကုန်လိုင်စင်နှင့် ပါမစ်များတွင် ကောက်ခံလျက်ရှိသော အွန်လိုင်းဝန်ဆောင်ခကို မူလပုံစံဖြစ်သည့် လိုင်စင်/ပါမစ်ကြေးတို့နှင့် တစ်ပေါင်းတည်း ကောက်ခံလျက်ရှိရာမှ ဒီဇင်ဘာ ၁ ရက်မှစတင်၍ လုပ်ငန်းရှင်မှ သွင်းကုန်လိုင်စင်ပါမစ် လျှောက်ထားပေးပို့(Summit)သည်နှင့် တစ်ပြိုင်နက် အွန်လိုင်းဝန်ဆောင်ခကို ကောက်ခံသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၃၀ ရက်က သတင်းထုတ်ပြန်ထားသည်။ **ကိုရိုး**

## ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP)အဆင့်မြင့်ဖိုရမ်သို့ ပါဝင်တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၁**

ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partner-ship-RCEP) အဆင့်မြင့်ဖိုရမ်ကို အာဆီယံနှင့် အရှေ့အာရှစီးပွားရေး သုတေသနအဖွဲ့ (Economic Research Institute for ASEAN and East Asia -ERIA)နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ပူးပေါင်း၍ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂ ရက်မှ ၃ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ဘာသာရပ်ဆိုင်ရာအနေဖြင့် မူပိုင်ခွင့်ဦးစီးဌာနမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါဖိုရမ်ကို ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ပါ အဓိကအချက်များကို လေးလေးနက်နက် နားလည်သဘောပေါက်ပြီး ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုလွယ်ကူချောမွေ့စေရန်နှင့် RCEP သဘောတူစာချုပ်၏ အရေးပါမှုနှင့် အခွင့်အလမ်းများအပေါ် သက်ဆိုင်ရာလုပ်ငန်းရှင်များ၏ နားလည်မှုကိုမြှင့်တင်ရန် ရည်ရွယ်ကျင်းပခဲ့ပြီး ဖိုရမ်၏ ပထမအစီအစဉ်တွင် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ညှိနှိုင်းမှုများ စတင်ခဲ့ခြင်း၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် RCEP ၏ အောင်မြင်မှုရလဒ်များနှင့် RCEP အသုံးပြုမှုကို မြှင့်တင်ရန်အတွက် ဦးစားပေးနယ်ပယ်များရှာဖွေခြင်း အပါအဝင် စေ့စပ်ညှိနှိုင်းမှုများမှ ရရှိခဲ့သည့် သင်ခန်းစာများကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယအစီအစဉ်တွင် အရှေ့အာရှနှင့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတို့၏ စွမ်းဆောင်နိုင်မှု၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်(Dynamism of East Asia and Regional Comprehensive Economic Partnership (RCEP): The Framework for Regional Integration) စာအုပ်ကို မိတ်ဆက်ခဲ့ကြောင်း သိရသည်။ **ကိုရိုး**

# တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

**နိုဝင်ဘာ ၂၄ ရက်မှ ၃၀ ရက်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်သို့ မိုးကြက်သွန်နီအသစ်၊ နွေကြက်သွန်အဟောင်းနှင့် တရုတ်ကြက်သွန်များ ဝင်ရောက်ထားသည်။ ကြူကုတ်ကြက်သွန်ဖြူ ဈေးနှုန်းမြင့်တက်စပြုလာပြီး ငရုတ်၊ ကုလားပဲခြမ်းနှင့် မတ်ပဲများ ဈေးကျလာသည်။**

### ကြက်သွန်နီ

နိုဝင်ဘာ ၃၀ ရက်က ဘုရင့်နောင်သို့ ကြက်သွန်နီပိဿာချိန် ၉၀၀၀၀ ဝင်ရောက်သော်လည်း ဈေးနှုန်းကျဆင်းခြင်းမရှိသေးပေ။ ယခုရက်ပိုင်း မိုးကြက်သွန်နီအသစ် တစ်ပိဿာဈေးများမှာ မြင်းခြံလတ်ချော ကျပ် ၂၆၀၀၊ လတ်သန့် ကျပ် ၃၃၀၀၊ လတ်ကြီး ကျပ် ၃၇၀၀ နှုန်းရှိသည်။ မြစ်သားအသစ်မှာ လတ်ချော ကျပ် ၃၅၀၀၊ ကြား ကျပ် ၃၉၀၀၊ ရှယ် ကျပ် ၄၄၀၀ နှုန်းရှိသည်။ ဆိပ်ဖြူ နွေကြက်သွန်နီများမှာ ကျပ် ၃၅၀၀-၄၂၀၀-၄၃၀၀-၄၅၀၀ ဈေးရှိပြီး မြင်းခြံ နွေကြက်သွန်နီအဟောင်းက ကျပ်၃၉၀၀-၄၄၀၀-၄၆၀၀-၄၉၀၀ နှုန်းရှိသည်။ တရုတ်ကြက်သွန်နီအလုံးကြီး အနီ ကျပ် ၁၇၀၀၊ နီညို ကျပ် ၂၂၀၀ ရှိသည်။

### စားအုန်းဆီ

နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ရန်ကုန်အထိုင် လက်ကား ရည်ညွှန်းဈေးအရ စားအုန်းဆီတစ်ပိဿာ ၄၄၂၅ ကျပ်ဖြစ်သည်။ ရည်ညွှန်းဈေး လက်ကားတစ်ပိဿာလျှင် ၄၅ ကျပ် ဈေးတက်လာချိန် ပြင်ပဆီဈေးကွက်၌ နိုဝင်ဘာ ၂၈ ရက် ဆီသိုလှောင်ကန်တင် စာရွက်ဈေးအရ တစ်ပိဿာ ကျပ် ၅၄၅၀ သာရှိရာ ပြင်ပဈေးသည် ရည်ညွှန်းဈေးထက် တစ်ပိဿာလျှင် ၁၀၂၅ ကျပ်သာ ပိုများလျက်ရှိသည်။ နိုဝင်ဘာ ၃၀ ရက်တွင် ဈေးနှုန်းအနည်းငယ် ပြန်တက်လာရာ အလှယ်ဈေး တစ်ပိဿာ ကျပ် ၅၆၀၀ နှုန်းရှိသည်။

### ဆန်

ယခုအပတ် နယ်စုံမှ ကောက်ညှင်းဆန်များ အဝင်များ၍ ဈေးကျလာသည်။ နိုဝင်ဘာ ၃၀ ရက်တွင် ဖျာပုံကောက်ညှင်းရှယ် တစ်အိတ် ကျပ် ၉၅၀၀၀၊ ပုသိမ်ကောက်ညှင်းဆန်တစ်အိတ် ကျပ် ၉၀၀၀၀ နှုန်းသာရှိသည်။

မိုးဆန်ကြမ်း အသစ်တစ်အိတ် ကျပ် ၄၃၀၀၀၊ သီးထပ်ဆန်ကြမ်း အဟောင်း တစ်အိတ် ကျပ် ၄၆၀၀၀၊ ရက် ၉၀ ဆန်ကြမ်း အဟောင်း ကျပ် ၄၉၀၀၀၊ ပေါ်ကျွဲ ကျပ် ၅၀၅၀၀၊ ပေါ်ဆန်းရင်အသစ် ကျပ် ၅၇၀၀၀ မှ ၆၂၀၀၀၊ ဖျာပုံပေါ်ဆန်းအဟောင်း ကျပ် ၆၃၀၀၀၊ ပုသိမ်/မြောင်းမြ ပေါ်ဆန်းအဟောင်း ကျပ် ၆၇၀၀၀၊ ရွှေဘိုပေါ်ဆန်းအဟောင်း ကျပ် ၈၅၀၀၀ မှ ၉၄၀၀၀ နှုန်းရှိသည်။

### ပဲအမျိုးမျိုး

နိုဝင်ဘာ ၃၀ ရက်က ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ(FAQ/RC) တစ်တန် ကျပ် ၁၈၉၀၀၀၀၊ (SQ)တစ်တန် ကျပ် ၁၉၃၅၀၀၀၊ ပဲစင်းငုံနီ (Red/FAQ) တစ်တန် ကျပ် ၁၉၀၀၀၀၀ ရှိသည်။ ကုလားပဲခြမ်းမှာ တစ်ပိဿာလျှင် ကျပ် ၃၉၅၀ မှ ၄၁၅၀ အထိရှိပြီး ခရမ်းရွှေဝါပဲတီစိမ်း(ထိပ်စ) မှာ တစ်ပိဿာ ကျပ် ၂၉၁၅-၃၀၀၀ နှုန်း ရှိသည်။

### ကြက်သွန်ဖြူ

နိုဝင်ဘာ ၃၀ ရက်တွင် ကြူကုတ်ကြက်သွန်ဖြူလက်ကား တစ်ပိဿာလျှင် ၃၃၇၅ ကျပ်နှုန်းသို့ ဈေးနှုန်းအနည်းငယ်မြင့်တက်စပြုလာသည်။



ရှမ်းကြက်သွန်ဖြူမှာ သက်တမ်းရင့်လာ၍ အပိန်အရှုံ့ များလာသည်။ ဈေးနှုန်းမှာ အရွယ်အစားနှင့် အရည်အသွေးအလိုက် တစ်ပိဿာလျှင် အနိမ့်ဆုံး ကျပ် ၂၅၀၀ မှ အမြင့်ဆုံး ကျပ် ၄၂၀၀ နှုန်းအထိရှိသည်။ ၂၀၂၃ နှစ်ဆန်းပိုင်းလများတွင် ရှမ်းကြက်သွန်ဖြူအသစ်များ ဈေးကွက်သို့ စတင်ဝင်ရောက်နိုင်သည်။

### ငရုတ်

ဈေးမြင့်ခဲ့သော ငရုတ်ဈေးနှုန်းများ ကျဆင်းနေသည်။ မြားနီငရုတ်ရှည် အသစ်များ ဈေးကွက်သို့ တစ်ပိဿာ ကျပ် ၂၀၀၀၀ နှုန်းဖြင့် စတင်ဝင်ရောက်လာသည်။ နယ်စုံ မိုးထောင်ငရုတ် လက်ကားတစ်ပိဿာလျှင် ကျပ် ၁၃၀၀၀-၁၃၅၀၀၊ ရှမ်းစကာဘူးဆို့ငရုတ် ကျပ် ၁၇၀၀၀၊ ရှမ်းငရုတ်ရှည် ကျပ် ၁၅၅၀၀ နှင့် ရှမ်းမိုးထောင်ငရုတ် ကျပ် ၁၃၅၀၀ နှုန်းရှိသည်။ ဆင်ဖြူကျွန်းငရုတ်ပွအသစ် တစ်ပိဿာလျှင် ကျပ် ၂၉၀၀၀ နှင့် အအေးခန်းထုတ် မြစ်ဝငရုတ်ပွ တစ်ပိဿာလျှင် ကျပ် ၃၁၀၀၀ နှုန်းရှိနေသည်။

**အောင်ခင်နိုင်**

## ဂျာမနီ၌ တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်းအမှတ်တံဆိပ်ဆိုင်ရာ အက်ဥပဒေမူကြမ်း အတည်ပြုချမှတ်

**ဘာလင် ဒီဇင်ဘာ ၁**

ဂျာမန်စားသုံးသူများအနေဖြင့် မွေးမြူထုတ်လုပ်ထားသော အသားများ ဝယ်ယူစားသုံးရာတွင် တိရစ္ဆာန်များကို မွေးမြူထားရှိပုံ နည်းလမ်းများကို သိရှိနိုင်စေရန် ရည်ရွယ်၍ တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်းအမှတ်တံဆိပ်(Animal Husbandry Labelling)ဆိုင်ရာ အက်ဥပဒေမူကြမ်းကို ဂျာမန်အစိုးရအဖွဲ့အစည်းအဝေးက ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်းက အတည်ပြုချမှတ်ပေးခဲ့သည်။

ဂျာမန်ဖက်ဒရယ် အစားအစာနှင့် စိုက်ပျိုးရေးဝန်ကြီးဌာန(Federal Ministry of Food and Agriculture–BMEL)သည် ဂျာမနီနိုင်ငံတွင် မူလအခြေစိုက်မွေးမြူထုတ်လုပ်သော အသားထုတ်ကုန် အစားအစာများအတွက် ပွင့်လင်းမြင်သာမှုရှိပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်းအမှတ်တံဆိပ်စနစ် ဖြစ်ပေါ်လာစေရန် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်၍ အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် အခြားနိုင်ငံများမှ တင်သွင်းလာသည့် အသားထုတ်ကုန်များတွင်လည်း အဆိုပါ အမှတ်တံဆိပ်စနစ်များကို ၎င်းတို့ဆန္ဒအလျောက်(voluntary option)အနေဖြင့် ကျင့်သုံးလာစေရန် အက်ဥပဒေမူကြမ်းချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်မကုန်မီတွင် ဥပဒေပြုရေးလုပ်ငန်းအစီအစဉ်များကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

စားသုံးသူများအနေဖြင့် ထုတ်ကုန်များရှိ မွေးမြူထုတ်လုပ်ခြင်းအမှတ်တံဆိပ်ကို ကြည့်ရှု၍ တိရစ္ဆာန်များကို အသားတိုးဆောင်ရွက်နေသည့်ကာလအတွင်း မွေးမြူထားသိုပုံကို နားလည်သိရှိစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ထို့ပြင် မွေးမြူထုတ်လုပ်ခြင်းအမှတ်တံဆိပ်သည် မွေးမြူရေးကာလအတွင်း အဆင့် (၅)ဆင့်ဖြစ်သည့် အိမ်ခြံတွင်းမွေးမြူခြင်း(Indoor housing)၊အိမ်ခြံတွင်းနှင့် ပြင်ပစားကျက်များတွင် မွေးမြူခြင်း(indoor+space)၊ အိမ်ခြံတွင်းတွင် ပြင်ပလေရရှိသည့်အခြေအနေ၌ မွေးမြူခြင်း (indoor with fresh air)၊ ပြင်ပစားကျက်နေရာများတွင် ထားရှိထိန်းကျောင်းခြင်း(outdoor runs/free–range)နှင့် အော်ဂဲနစ်မွေးမြူရေး(organic) အဆင့်များတို့တွင် သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိကိုလည်း သေချာစွာ ခွဲခြားနားလည်စေရန် ဆောင်ရွက်ထားသည်။

အဆိုပါ မွေးမြူထုတ်လုပ်ခြင်းအမှတ်တံဆိပ်စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူရေးလယ်သမားများအနေဖြင့် တိရစ္ဆာန်များမွေးမြူထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်အတွက် ရန်ပုံငွေအထောက်အပံ့ရရှိနိုင်မည်ဖြစ်သည်။ အစားအစာနှင့် စိုက်ပျိုးရေးဝန်ကြီးဌာန (BMEL) က တိရစ္ဆာန်များ မွေးမြူရေးလုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်ရေး၊ ပတ်ဝန်းကျင် ပြောင်းလဲမှုကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှုဒဏ်လျော့ကျရေးဆိုင်ရာများ ဆောင်ရွက်နေသည့် အကူးအပြောင်းကာလအတွင်း လယ်သမားများအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများထောက်ပံ့ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

## တရုတ်နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒဘဏ်က RCEP အဖွဲ့ဝင်များမှ သွင်းကုန်များအတွက် ချေးငွေပံ့ပိုးပေးမည်

**ကူမင်း ဒီဇင်ဘာ ၁**

တရုတ်နိုင်ငံ၏ ကုန်သွယ်မှု မူဝါဒဘဏ်သည် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) အဖွဲ့ဝင်နိုင်ငံများမှ သွင်းကုန်များအတွက် သီးသန့် ချေးငွေအထောက်အပံ့အတွက် တာဝန်ရှိကြောင်း၊ ထို့ကြောင့် တင်သွင်းမှုနှင့် ဆက်စပ်သူများအတွက် ဘဏ္ဍာငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် ယွမ် ၂၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၇ ဘီလီယံခန့်) တန်ဖိုးရှိသော ချေးငွေခွဲတမ်းကို သတ်မှတ်ထားကြောင်း တရုတ်နိုင်ငံ၏ ပို့ကုန်–သွင်းကုန်ဘဏ်သတင်းများအရ သိရသည်။

ဤချေးငွေပံ့ပိုးမှုသည် RCEP အဖွဲ့ဝင်နိုင်ငံများမှ ဆက်စပ်တင်သွင်းမှုများကို ချဲ့ထွင်ရန် ကြိုးပမ်းရာတွင် နိုင်ငံခြားကုန်သွယ်မှုနှင့် ကုန်ထုတ်လုပ်မှုကဲ့သို့သော နယ်ပယ်များတွင် အလေးပေးပံ့ပိုးမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ပထမ ၁၀ လတွင် မူဝါဒဘဏ်သည် သွင်းကုန်ထောက်ပံ့ရန် စုစုပေါင်းချေးငွေယွမ် ၃၁၀ ဘီလီယံကျော်ကို ကမ်းလှမ်းထားကြောင်း၊ မူဝါဒဘဏ်သည် လာမည့်ပဉ္စမအကြိမ်မြောက် China International Import Exportတွင်ပါဝင်သူများကဲ့သို့သက်ဆိုင်ရာဖောက်သည်များအတွက် အံဝင်ခွင်ကျဖြစ်စေသော ငွေကြေးဝန်ဆောင်မှုပက်ကေ့ချ်ကိုလည်း ပြသမည်ဖြစ်ကြောင်း သိရသည်။



နိုဝင်ဘာလလယ်ပိုင်းက ဂျာမနီသို့ စတင်ရောက်ရှိခဲ့သည့် တရုတ် – ဥရောပ ကုန်စည်ပို့ဆောင်ရေးရထား။

## တရုတ် - ဥရောပ ကုန်စည်ပို့ဆောင်ရေး ရထားဝန်ဆောင်မှုများ စဉ်ဆက်မပြတ်တိုးတက်

**ကူမင်း ဒီဇင်ဘာ ၁**

တရုတ်–ဥရောပ ကုန်စည်ပို့ဆောင်ရေး ရထားဝန်ဆောင်မှုများသည် စဉ်ဆက်မပြတ်တိုးတက်နေပြီး ၎င်းတို့၏ ခရီးသွားလာမှုအချိန်ဇယားများ အမြဲအချိန်မှန်၍ တည်ငြိမ်နေကြောင်း China Railway Container Transport Corp က နိုဝင်ဘာလလယ်ပိုင်းက ပြောကြားခဲ့သည်။

### သတ်မှတ်အချိန်ဇယားအတိုင်း ဆောင်ရွက်နိုင်ခဲ့

လျှပ်စစ်ကွန်ပရက်ဆာများ၊ photovol–taic အင်ဗာတာများ၊ ဖုန်စုပ်စက်များနှင့် အခြားထုတ်ကုန်များကို သယ်ဆောင်လာသော ရထားတစ်စင်းသည် ဂျာမနီနိုင်ငံ Duisburg သို့ နိုဝင်ဘာ ၁၄ ရက်က ရောက်ရှိခဲ့ကြောင်း၊ ယင်းသည် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း Shaanxi ပြည်နယ်ရှိ Xi'an မှ ဂျာမနီနိုင်ငံ Duisburg သို့ ၁၁ ရက်ကြာ ခုတ်မောင်းခဲ့ရပြီး ၉၉၀၈ ကီလိုမီတာ ခရီးနှင်ခဲ့ကြောင်း၊ ကုန်စည်ပို့ဆောင်ရေး ရထားသည် ၎င်း၏လမ်းကြောင်းတစ်လျှောက်တွင် သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း ဆောင်ရွက်နိုင်ခဲ့ပြီး မြို့များကြား သယ်ယူပို့ဆောင်ရေးအချိန်ကိုက် ရောက်ရှိခြင်းဖြင့် ဝန်ဆောင်မှုအရည်အသွေးကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပုံမှန် တရုတ်–ဥရောပ ကုန်စည်ပို့ဆောင်ရေး ရထားများနှင့် နှိုင်းယှဉ်ပါက ဝန်ဆောင်မှုအသစ်တွင် ရထားတွဲများ၊ လမ်းကြောင်းများ၊ တွဲဆိုင်းများနှင့် နယ်စပ်ဖြတ်ကျော်ခရီးတွင် ကွန်တိန်နာများ ပြန်လည်တင်ဆောင်ခြင်းလည်း ပါဝင်သည်။ ဝန်ဆောင်မှုအသစ်သည် နယ်ခြားဘူတာရုံများနှင့် ကွန်တိန်နာများ ပြန်လည်တင်ခြင်း လုပ်ငန်းစဉ်အတွင်း စွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်စေပြီး လည်ပတ်ချိန်ကို ပိုမိုကောင်းမွန်စွာ ထိန်းချုပ်နိုင်ကာ သယ်ယူပို့ဆောင်ရေးအချိန်ကို ပိုမိုတည်ငြိမ်စေသည်။

### နိုင်ငံခုနစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်

ယင်းသို့ ဝန်ဆောင်မှုပေးသည့် ဒုတိယခရီးစဉ်သည် Xi'an မှ ထွက်ခွာပြီး နိုဝင်ဘာ ၂ ရက်တွင် Duisburg သို့ ဦးတည်ခဲ့သည်။ ဝန်ဆောင်မှု၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်နှင့် ပိုမိုတည်ငြိမ်သော အချိန်ဇယားကို ပေးဆောင်ရန် တရုတ်နှင့် ဂျာမနီအပါအဝင် နိုင်ငံခုနစ်နိုင်ငံမှ မီးရထားအော်ပရေတာများနှင့် ဝန်ဆောင်မှုပေးသူများသည် သတ်မှတ်အချိန်ဇယားများကို စီမံခန့်ခွဲရန် ပေါင်းစပ်ညှိနှိုင်းမှု အစီအစဉ်တစ်ခုကို ရေးဆွဲခဲ့ကြသည်။ China State Railway Group သည် ယခုနှစ်အစပိုင်းတွင် တရုတ်နှင့် ဥရောပအကြား လမ်းကြောင်းလေးခုတစ်လျှောက် အချိန်ဇယားများ စတင်ရေးဆွဲခဲ့သည်။

### အရေးကြီးသောကဏ္ဍမှ ပါဝင်ခဲ့

ကာဇက်စတန်၊ ရုရှား၊ ဘီလာရုစ်၊ ပိုလန်နှင့် ဂျာမနီအပါအဝင် လမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများမှ မီးရထားအော်ပရေတာများ၊ ဝန်ဆောင်မှုပေးသူများနှင့် အကြိမ်ပေါင်းများစွာဆွေးနွေးပြီးနောက် Xi'an နှင့် Duis–burg ကြားရှိ တရုတ်– ဥရောပ ကုန်တင်ရထားဝန်ဆောင်မှု၏ ပထမဆုံးသတ်မှတ်အချိန်ဇယားသည် အောက်တိုဘာလတွင် ပြီးစီးခဲ့ကာ လမ်းကြောင်းတစ်လျှောက် စမ်းသပ်မှုများကို အောက်တိုဘာ ၂၆ ရက်တွင် စတင်ခဲ့သည်။ ဝန်ဆောင်မှုပေးသူအနေဖြင့် China Railway Container Transport Corp သည် တရုတ် – ဥရောပ ကုန်တင်ရထားများ ချောမွေ့စွာ လည်ပတ်နိုင်စေရန်အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

## ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးနှင့် အစားအစာမူဝါဒများအတွက် GFFA ကွန်ဖရင့်၌ ဆွေးနွေးမည်

**ဘာလင် ဒီဇင်ဘာ ၁**

ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးနှင့် အစားအစာမူဝါဒများအတွက် အဓိကအရေးပါသည့် အခက်အခဲများ၊ ဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးဖော်ထုတ်သည့် အပြည်ပြည်ဆိုင်ရာကွန်ဖရင့်ကြီးတစ်ခုဖြစ်သော Global Forum for Food and Agriuclture (GFFA) ကို ဂျာမနီနိုင်ငံ ဘာလင်မြို့၌ Interna–tional Green Week စိုက်ပျိုးရေးထုတ်ကုန်ပြပွဲနှင့်အတူ နှစ်စဉ်ကျင်းပလေ့ ရှိပါသည်။

GFFA ကို ဖက်ဒရယ်အစားအစာနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနက ဦးဆောင်၍ ဘာလင်အထက်လွှတ်တော်(Berlin Senate)၊ ဘာလင်ပြပွဲများကျင်းပရေးဌာန (Messe Berlin)နှင့် GFFA Berlin အဖွဲ့တို့နှင့် ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ (၁၅) ကြိမ်မြောက် Global Forum for Food and Agriculture (GFFA)ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ဘာလင်မြို့ City cute center ၌ ကျင်းပမည်ဖြစ်သည်။ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်များတွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားမှုကြောင့် Virtual Event အနေဖြင့် ကျင်းပခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် Physical Event အနေဖြင့် ပြန်လည်ကျင်းပခြင်းဖြစ်ပါသည်။

### တွေ့ဆုံဆွေးနွေး

GFFA ၂၀၂၃ တွင် နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေး၊ သိပ္ပံနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ လာရောက်လေ့လာသူပေါင်း ၂၀၀၀ ခန့်တွေ့ဆုံဆွေးနွေးကြရန် ခန့်မှန်းထားသည်။ နိုင်ငံအလိုက် အဆင့်မြင့်စိုက်ပျိုးရေးဆိုင်ရာ ကိုယ်စားလှယ်များ၊ အီးယူကော်မရှင်၊ FAO၊ OECD၊ WTO စသည့် နိုင်ငံတကာအဖွဲ့အစည်းများပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ကာ ဆွေးနွေးဖော်ထုတ်ချက်များ၊ ဆောင်ရွက်သင့်သည့်လုပ်ငန်းအစီအစဉ်များကို ထုတ်ပြန်ကြေညာခြင်း ပြုလုပ်ကြပါသည်။ ထို့ပြင် ကျွမ်းကျင်ပညာရှင်များပါဝင်သည့် Panel ဆွေးနွေးပွဲများ၊ ဘာသာရပ်ဆိုင်ရာ ဖိုရမ်များကိုလည်း ကျင်းပ၍ ဆွေးနွေးဖလှယ်ကြပါသည်။

### ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်

၂၀၂၃ ခုနှစ်အတွက် ဆွေးနွေးမှုခေါင်းစဉ်အနေဖြင့် Transforming Food Systems: A Global Response to Multiple Crises ကို ရွေးချယ်ထားပြီး နိုင်ငံများအကြား မိတ်ဘက်များအနေဖြင့် ပူးပေါင်းဆောင်ရွက်ရာတွင် ဖြစ်နိုင်ခြေရှိသော နည်းလမ်းများနှင့် ဆွေးနွေးမှုများတိုးမြှင့်ရန်တို့ကို ရည်ရွယ်ကြောင်း၊ အထူးဆွေးနွေးမည့်အကြောင်းအချက်များ အနေဖြင့် အစားအစာစနစ်များတွင် အကျပ်အတည်းတွေ့ကြုံရမှု၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစားအစာပုံစံ၊ ဘိုင်အိုနည်းစနစ်မျိုးစုံကို ကာကွယ်စောင့်ရှောက်နိုင်မှု၊ ရေရှည်တည်တံ့သည့် ကမ္ဘာလုံးဆိုင်ရာ အစားအစာစနစ်များအတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးမည်ဖြစ်ကြောင်း ဘာလင်မြို့ရှိ မြန်မာစီးပွားရေးသံမှူးထံမှ သိရသည်။

# လူထုအားကစား တစ်ခေတ်ဆန်းသစ်စေချင်ပါသည်

**အားကစားပရိသတ်တစ်ဦး**

**မန်ယူ၊ အာကြီး(အာဆင်နယ်)အသင်း အားကစားဝတ်စုံကိုယ်စီနှင့် လူငယ်လေးတစ်သိုက် ဘောလုံးသွားကစားဖို့ ကားငှားနေသည်။ အသက် ၁၄၊ ၁၅ နှစ် ဝန်းကျင် ဆယ်ကျော်သက်အရွယ် လူငယ်လေးများ ဖူဆယ်ကွင်းသွားကန်ကြဖို့ ဖြစ်မည်။ အားကစားနည်းမျိုးစုံရှိသည့်အနက် ဘောလုံးအားကစားသည် မြန်မာနိုင်ငံ၏ အမျိုးသားအားကစားနည်းတစ်ရပ်လိုဖြစ်ခဲ့သည်မှာ ကြာခဲ့လေပြီ။ ယောကျ်ားလေး အားလုံးနီးပါးလိုလို ငယ်စဉ်ဘဝတွင် ဘောလုံးမကစားဖူးသူများ မရှိသလောက် ရှားပါးသည်။**

ကျွန်တော်တို့ငယ်စဉ်(၁၉၇၀ ကျော်၊ ၈၀ ပြည့်နှစ်များ) ကဆိုမူ ယခုခေတ်ထက် ဘောလုံးအားကစားကို ရူးသွပ်စွဲလမ်းစွာ ကစားခဲ့ကြသည်။ နေပူမိုးရွာမရှောင် အချိန်မရွေး၊ နေရာမရွေး။ အင်္ဂလန်ပရီးမီးယားလိဂ်ဆိုသည်မှာ ဘာမှန်းမသိ၊ ကျွန်တော်တို့ သိသည်က နှစ်သစ်၏ဇန်နဝါရီလတွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် ပြည်နယ်နှင့် တိုင်းဘောလုံးပြိုင်ပွဲ။

### ကျွန်တော်တို့၏ အိမ်ကွင်း

ထို့အတူ မန်ယူ၊ အာကြီး၊ ရီးရဲလ်၊ ဘာကာ၊ အင်တာ၊ ဂျူဗီအသင်းဝတ်စုံလှလှလေးတွေ ဆိုသည်မှာ ယခုလိုဝတ်ဆင်ကစားဖို့ မဆိုထားဘိ မြင်ပင်မမြင်ဖူးခဲ့ချေ။ တစ်ခါတစ်ရံ စွပ်ကျယ်နှင့်၊ ရံဖန်ရံခါ ကျောဗလာ၊ ပုဆိုးခါးထောင်းကျိုက်နှင့်။ ကွင်းဆိုလည်း ယခုခေတ် အခကြေးငွေပေးကစားရသည့် ဖူဆယ်ကွင်းများ မရှိသေး။ ရပ်ကွက်ထဲက ဘောလုံးကစား၍ရသော ကွင်းပြောင်ပြောင်မှန်သမျှသည် ကျွန်တော်တို့၏ အိမ်ကွင်း အိုးထရက်ဖို့ဒ် (မန်ယူအိမ်ကွင်း)သာ ဖြစ်သည်။

ဘောလုံးအားကစားနည်းကို ဝါသနာပါလာစေရန် စတင်မိတ်ဆက်ထိတွေ့ပေးခဲ့ သူမှာ ကျွန်တော့်အဖေဖြစ်သည်။ တစ်နေ့ အဖေ ရုံးကအပြန်တွင် ကျွန်တော့်အတွက် ဘောလုံးတစ်လုံးပါလာသည်။ ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ ကုန်တိုက်(၁)မှ ဝယ်ယူပေးခဲ့ခြင်းဖြစ်သည်။ ဘောလုံးလေးက ကလေးများနှင့်သင့်လျော်သည့် အလတ်စားအရွယ် ဒဗလျူဘောလုံးလေး။ စက်မှု(၁) မော်ဘီဘောလုံးစက်ရုံထုတ်ဟုဆိုသည်။ တန်ဖိုးကား ၁၆ ကျပ် ပြား ၄၀။

ကမ္ဘာကျော် ဘရားဇီးလ်ဘောလုံးသမားများ၏ ငယ်ဘဝနည်းတူ ထိုခေတ်ကာလကလည်း ကျွန်တော့်တို့ရပ်ကွက်ထဲရှိ ကလေးအများစုမှာ ကိုယ်ပိုင်ဘောလုံးတစ်လုံး ဝယ်ကိုင်ကစားနိုင်ဖို့က ခက်ခဲပါသည်။ များသောအားဖြင့် စက်ဘီးပြင်ဆိုင်တွင် စက်ဘီးနှင့်အတူ ငှားရမ်း၍ရသော ဘောလုံးတစ်လုံးကို နာရီဝက်၊ တစ်နာရီစာ အခကြေးငွေပေး၍ ငှားရမ်းကစားခဲ့ကြရသည်။ အဖေဝယ်ပေးသည့် ကိုယ်ပိုင်ဘောလုံးတစ်လုံးရလာတော့ ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်သည် နေ့နေ့ညည အချိန်မရွေး၊ နေရာ မရွေး၊ နေပူ မိုးရွာမရှောင် ပျော်မဆုံး၊ မော်မဆုံး ဘောလုံးကစားခဲ့ကြပါသည်။

ရပ်ကွက်ထဲရှိ ရပ်မိရပ်ဖလူကြီးမိဘများကလည်း အားပေးကြသည်။ အပတ်စဉ် ကျောင်းပိတ်ရက်များတွင် ပြိုင်ပွဲငယ်လေးများကို ဦးစီးဦးဆောင်ပြု၍ပင် ကျင်းပပေးပါသည်။ ရပ်ကွက်ထဲရှိ ပြိုင်ပွဲဝင်ကလေးတိုင်းလိုလို တစ်ဦးလျှင် မုန့်ဖိုးငွေထဲမှ ၁၀ ပြား၊ ၁၅ ပြားကို အသင်းဝင်ကြေးအဖြစ် ထည့်ဝင်ကြရသည်။ လူကြီးများက ထိုအသင်းဝင်ကြေးအကြွေလေးများကို တစ်ကျပ်တန်၊ ငါးကျပ်တန် ငွေစက္ကူတို့ဖြင့် လဲလှယ်၍ ဒိုင်းဆုကတ်ပြားတွင် ကပ်ကာ ပထမဆုအဖြစ် ပေးအပ်ပါသည်။ အနိုင်ရဗိုလ်စွဲသည့်အသင်းသည် ထိုဒိုင်းဆုကို ကိုင်မြှောက်၍ ကွင်းတစ်ပတ် လှည့်လည်အောင်ပွဲခံကြရသည်။



ကသာမြို့၌ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အမျိုးသားအလွတ်တန်း ဘော်လီဘောပြိုင်ပွဲကို နိုဝင်ဘာ ၂၉ ရက်က ကျင်းပစဉ်။ ကျော်စွာ(ကသာ)

### ရင်ခုန်စိတ်လှုပ်ရှားဖွယ်

ဒီဇင်ဘာအားကစားလတွင်မူ ကျွန်တော်တို့ ကလေးငယ်များအတွက် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ ပြိုင်ပွဲတစ်ရပ်ရှိပြန်ပါသည်။ ရပ်ကွက်အားကစားနှင့် ကာယပညာကော်မတီက နှစ်စဉ်ကြီးမှူးကျင်းပလေ့ရှိသည်နှင့် ၄ ပေ ၉ နှင့် ၅ ပေ ၂ လက်မအောက် ဘောလုံးပြိုင်ပွဲဖြစ်သည်။ အခြားရပ်ကွက်ပေါင်းစုံမှ အသင်းများနှင့်ယှဉ်ပြိုင်ဗိုလ်လု ရသည့်ပြိုင်ပွဲဖြစ်၍ သူ့ရပ်ကွက်၊ ကိုယ့်ရပ်ကွက် ပရိသတ်များမှာ ကွင်းလေးဖက်လေးတန် အပြည့်အလျှံလာရောက် အားပေးလေ့ရှိကြသည်။

တကယ့်ပြိုင်ပွဲဖြစ်၍ ဒိုင်လူကြီးများ ပါဝင်ကြီးကြပ်ပေးရုံမက အသင်းတိုင်းနည်းပြနှင့် အုပ်ချုပ်သူနှင့်ဖြစ်သည်။ ပရိသတ်ကလည်း ကိုယ့်ရပ်ကွက်ထဲကအသင်းကို တစ်ခဲနက် အားပေးကြသည်။ ပိုက်ဆံချမ်းသာသည့် ရပ်ကွက်အသိုင်းအဝိုင်းက အသင်းဆိုပါက အသင်းတူညီဝတ်စုံကအစ တကယ့်အပျံစား။ ပထမပိုင်းအပြီး အားလပ်ချိန်တွင် အမောပြေစားနိုင်ရန် လိမ္မော်သီး၊ ရှောက်ချိုသီးများမှအစ တောင်းကြီးတောင်းငယ်နှင့်။

ကျွန်တော်တို့အသင်းကမူ ရပ်ကွက်ထဲရှိ အရပ် ၄ ပေ ၉ လက်မအောက် ဒုတိယတန်း ဘီအသင်းမျှသာဖြစ်၍ အရပ် ၅ ပေ ၂ လက်မအောက် ပထမအသင်းကြီးလောက် တင့်တောင့်တင့်တယ်မရှိလှပါ။ အသင်းအုပ်ချုပ်သူမှာလည်း လူငယ်အားကစားဝါသနာရှင်တစ်ဦးမျှသာဖြစ်၍ ကိုယ့်ဘဝအခြေအနေဖြင့် ကိုယ့်အားကိုယ်ကိုးကြရသည်။

ကန်စွန်းရွက်များကို ထုထောင်းအရည်ညှစ်ချပြီး ကျောနံပါတ်အဖြစ် ရေးထိုးထားသော ထိုစဉ်က ပြိုင်ပွဲဝင် အဖြူရောင်စွပ်ကျယ်ချိုင်းပြတ် အင်္ကျီလေးကို ကျွန်တော် ပြန်မြင်ယောင်လာမိသည်။ ရေလျှော်လိုက်လျှင် ပျက်သွားမည်စိုး၍ မလျှော်ရက်၊ မဖွပ်ရက်။ အနံ့အသက်ပျောက်အောင် နေလှန်းရုံမျှသာ။

### တန်ဖိုးထားနေဆဲ

သို့တစေ ထိုဝတ်စုံလေးကို ယခုအသက်အရွယ်အထိ ကျွန်တော်မမေ့နိုင်ပါ။ စွဲလမ်းမြတ်နိုး တန်ဖိုးထားနေဆဲ။ အဘယ်ကြောင့်ဆိုပါလျှင် ဘဝ၏ အတားအဆီး၊ အခက်အခဲ ဖြတ်ကျော်ပြိုင်ပွဲများအတွက် ကျွန်တော်ပထမဆုံး ဝတ်ဆင်ခဲ့ရသော ပြိုင်ပွဲဝင် ချပ်ဝတ်တန်ဆာတစ်ခု ဖြစ်နေသောကြောင့်ပင်။ ပြီးတော့ ဆယ်ကျော်သက်အရွယ် လူငယ်ဘဝတွင် မြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲတွင် ရပ်ကွက်လက်ရွေးစင်အဖြစ် ကိုယ်စားပြုယှဉ်ပြိုင်ခဲ့စဉ်က ဝတ်ဆင်ခဲ့ရသော ကျောနံပါတ် ၈ အားကစားဝတ်စုံလေး။

ထိုအားကစားဝတ်စုံလေးများကား ဟောင်းနွမ်း၊ ဆွေးမြည့်ပျက်စီးသွားခဲ့ပါပြီ။ သို့တစေ ခန္ဓာကိုယ်ရှေ့ဘက် နှလုံးသားအတွင်းဝယ်မူ အနိုင်မခံအရှုံးမပေးသော တိုက်ပွဲဝင်စိတ်ဓာတ်၊ စုပေါင်းညီညာအောင်ကြောင်းဖြာဆိုသည့် အသင်းအဖွဲ့စိတ်ဓာတ်၊ သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ရသည့်အားကစားစိတ်ဓာတ်၊ မူးယစ်ဆေးဝါးကို ဝေးဝေးကရှောင်ကြဉ်ရသည့်အားကစားသမားကောင်းတို့ လိုက်နာရမည့် အနေအထိုင်အပြုအမူ၊ စည်းမျဉ်းစည်းကမ်းတို့ကမူ ယခုတိုင် သစ်လွင်နေဆဲ။ အားကစားကို လူထုအားကစားအသွင် အောက်ခြေအထိ စည်းရုံးဆောင်ရွက်ပေးခဲ့ပါသော တစ်ချိန်က တာဝန်ရှိသူများ၊ အားကစားကို ချစ်မြတ်နိုးပြီး ဝါသနာပါလာအောင် ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးခဲ့ကြပါသော ဖခင်ကြီးနှင့် တစ်ချိန်က ရပ်မိရပ်ဖများ၏ ကျေးဇူးများပါပေ။

ထို့နောက်ပိုင်း ဆယ်စုနှစ်ကာလများမှာတော့ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ စသည့်အခါကြီးရက်ကြီးများမှအပ ရပ်ကွက်တွင်းအားကစားပြိုင်ပွဲများက ပါးရှားလာသည်ဟု ဆိုရမည်။ အားကစားကို ဝါသနာပါသည့်လူငယ်များအဖို့ နိုင်ငံ့လက်ရွေးစင်အဆင့်သို့ အဆင့်ဆင့်တက်လှမ်းဖို့ရာအတွက် လှေကားထစ်များက အလှမ်းကျဲလာသည်။

ကျွန်တော်တို့ငယ်စဉ်ကမူ ၄ ပေ ၉ လက်မအောက်၊ ၅ ပေ ၂ လက်မအောက် ရပ်ကွက်ဘောလုံးပြိုင်ပွဲ၊ ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ၊ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ရပ်ကွက်ပေါင်းစုံပြိုင်ပွဲ၊ ထိုမှတစ်ဆင့် မြို့နယ်ပေါင်းစုံပြိုင်ပွဲ၊ ခရိုင်အဆင့်၊ တိုင်းအဆင့် ဘောလုံးပြိုင်ပွဲများကား အချိတ်အဆက်မိမိ ကွင်းဆက်ပမာ ကျင်းပနိုင်ခဲ့သည်။ အဆင့်မီလျှင်မီသလို နိုင်ငံ့ကိုယ်စားပြုလက်ရွေးစင်အဆင့်အထိ တက်လှမ်းနိုင်ပါသည်။

ထို့အတူ အားကစားလိုက်စားသည့် ကလေးသူငယ်၊ လူငယ်လူရွယ်များလည်း ကျွန်တော်တို့ငယ်စဉ်ကထက် နည်းပါးလာသည်ဟု ဆိုရမည်။ ယခင်က တောရောမြို့အနှံ့ ခုံခုံမင်မင် ကစားလေ့ရှိသည့် ဘောလီဘောအားကစားဆိုလျှင် ယခုနောက်ပိုင်း ရန်ကုန် မြို့တွင်မမြင်မတွေ့ရသလောက်ပင်။ ပိုက်ကျော်ခြင်းကစားသူများလည်း နည်းလာသည်။ ဘောလုံးကစားသူ လူငယ်လူရွယ်များကိုမူ မြင်တွေ့နိုင်သေးပါသော်လည်း ကျွန်တော်တို့ငယ်စဉ် အချိန်ကာလလောက် မများတော့၊ မရှိတော့ချေ။ ကျွန်တော်တို့ငယ်စဉ်က ရပ်ကွက်ကွင်းများမှာ ညနေဆို လူအမြဲပြည့်လျှံနေသောကြောင့် စောစောစီးစီးသွား၍ ကွင်းလုရသည်။ ယနေ့ခေတ်မှာတော့ ရပ်ကွက်အားကစားကွင်းများသည် များသောအားဖြင့် အရှင်သခင်ကင်းမဲ့နေသည်။

### စစ်တမ်းကောက်ယူမှု

မျက်မှောက်ခေတ်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှု၏ ဘေးထွက်ဆိုးကျိုးလေလား။ နိုင်ငံတကာမှာတော့ စစ်တမ်းကောက်ယူမှုများရှိသည်။ အမေရိကန်နိုင်ငံရှိ ကလေးအများစုကို လွန်ခဲ့သော ဆယ်နှစ်ခန့်ကစစ်တမ်းကောက်ယူကြည့်ရာတွင် ကလေးအများစုသည် ရုပ်မြင်သံကြားကို တစ်ပတ်လျှင် နာရီ ၄၀ ခန့် ကြည့်လေ့ရှိကြောင်း၊ တစ်ရက်လျှင် ၂၄ နာရီရှိသည့်အနက် ရုပ်မြင်သံကြားကြည့်ရှုချိန်က ပျမ်းမျှ ၆ နာရီ ခန့်ရှိခဲ့ကြောင်း၊ ရုပ်သံလိုင်းပေါင်းစုံကိုကြည့်ရုံမက အင်တာနက်၊ ဗီဒီယိုဂိမ်းကစားခြင်းများကိုလည်း စွဲမက်လာ၍ အမြင်အာရုံနှင့်သာအချိန်ကုန်ခဲ့ကြသည်ဟု စစ်တမ်းထုတ်ပြန်ချက်အရ သိရသည်။

တစ်ဆက်တည်းမှာပင် ဗီဒီယိုဂိမ်း၊ ဆဲလ်ဖုန်း၊ ကွန်ပျူတာ၊ အွန်လိုင်းစသည့် အဆင့်မြင့်နည်းပညာများသည် ယနေ့ခေတ်ကလေးများအတွက် ပို၍သင့်လျော်ကောင်းမွန်မှု ရှိ မရှိ စစ်တမ်းကောက်ယူကြည့်ရာတွင်လည်း ၂၉ ရာခိုင်နှုန်းက ပို၍ကောင်းမွန်ကြောင်း သဘောတူခဲ့ကြသော်လည်း ၃၇ ရာခိုင်နှုန်းက သဘောမတူခဲ့ကြချေ။ ၃၄ ရာခိုင်နှုန်းကမူ ကောင်းသည်၊ ဆိုးသည်ကိုဝေခွဲမရဟု ဆိုကြသည်။ မြန်မာနိုင်ငံတွင်လည်း ထိုကဲ့သို့ စစ်တမ်းကောက်ယူကြည့်လျှင် တိတိကျကျသိနိုင်ပေလိမ့်မည်။

မျက်မြင်အားဖြင့်မူ မြန်မာလူငယ်လူရွယ်အများစုသည် ဖုန်း၊ အင်တာနက်၊ အွန်လိုင်းစသည့် အဆင့်မြင့်နည်းပညာများနှင့်သာ ပို၍ ထိတွေ့ပျော်မွေ့လာကြသည်။ ဂိမ်းကစားနည်းများကိုပို၍ စွဲလမ်းနှစ်ခြိုက်လာကြသည်။ လက်ဖက်ရည်ဆိုင်၊ ကော်ဖီဆိုင်များတွင် အုပ်စုလိုက် ဂိမ်းကစားသူများကို ပို၍မြင်တွေ့လာရသလို ဂိမ်းနိုပ်ရာမှ အားမလိုအားမရ ညည်းတွားသံများကိုလည်း ပို၍ကြားလာရသည်။ ထို့ကြောင့် လက်ရှိကာလတွင် နိုင်ငံတော်အစိုးရသည် ဦးတည်ချက် (၉) ရပ်အနက် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဟူသည့် လူမှုရေးဦးတည်ချက်နှင့်အညီ အားကစားကဏ္ဍကို ပို၍အလေးထား ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာပြိုင်ပွဲများတွင် အနိုင်ရဗိုလ်စွဲခဲ့ကြသည့် အောင်ပွဲရ *စာမျက်နှာ ၁၉ သို့*

**○ အားကစားလိုက်စားသည့် ကလေးသူငယ်၊ လူငယ်လူရွယ်များလည်း ကျွန်တော်တို့ ငယ်စဉ်ကထက် နည်းပါးလာသည်ဟု ဆိုရမည်**

**○ မျက်မြင်အားဖြင့်မူ မြန်မာလူငယ်လူရွယ် အများစုသည် ဖုန်း၊ အင်တာနက်၊ အွန်လိုင်းစသည့် အဆင့်မြင့်နည်းပညာများနှင့်သာ ပို၍ ထိတွေ့ပျော်မွေ့လာကြသည်။ ဂိမ်းကစားနည်းများကိုပို၍ စွဲလမ်းနှစ်ခြိုက်လာကြသည်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၁၂-၂၀၂၂ သောကြာနေ့

### MRTV HD

- ၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အာဋာနာဋိယသုတ်)
- ၀၇:၂၅ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၀:၃၀ 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ' (၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ) (ပထမပိုင်း)
- ၁၂:၃၀ 2022 World Cup Hightlight(12)
- ၁၂:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'မြတ်သောအလှူ'
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲပဏ္ဍိုင်ရင်ဆိုင်ချီတက်' (အပိုင်း-၂)
- ၁၅:၃၀ 'ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြို သုံးသပ်ချက်များ'
- ၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၇:၁၅ 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ' (၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ) (ဒုတိယပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သုတဝေဖြာ...သီရိဂေဟာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၂၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၅၅ 2022 World Cup Hightlight(12)
- ၂၁:၀၀ စိန်ရတုလွှတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲ့ပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Level-2)(ပွဲစဉ်-၁၄)

### mitv

- 07:01 Evergreen Classic: Migadawon (Tekkatho Lei Lei)
- 07:10 The Mandolinist
- 07:38 Let's Taste Delicious Insects: Spicy Sour Acacia Leaf and Saga Worm Curry and Cricket and Termarind Paste Curry
- 08:01 News
- 08:27 Mogok, Ruby Land
- 08:43 Kyaukse Cement Plant
- 09:01 Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-2) The Duet Dance of Kedara Parrot King
- 09:25 Hsig Khaung Village In Hsihseng
- 09:37 Bottle Gourd Painting
- 09:42 Myanmar Traditional Thatched Roofs: IN-LEAF
- 09:47 Tea
- 10:01 News
- 10:26 Topical Topics (No.18) Promote Education Standards & Share Knowledge and Learning Practices
- 10:33 Danu Food: Tofu Dish

### MRTV NRC

**ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
အသားအရေလှပစေရန် လုပ်ဆောင်သင့်သည့်အရာများ

**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
တောင်ပေါ်ဒေသချောင်းကလေးမှ

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ငါးရံ့နှင့်ကြာရိုးဟင်း

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
မောတို့ဌာနေ မြို့ညောင်ရွှေနှင့်အင်းလေးအလှ

**'ဝ' (၁၄:၀၀ မှ ၁၆:၀၀)**
'ဝ'ဘာသာစကားပြောကြရအောင် (အသီးအနှံအခေါ်အဝေါ်)

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
မန်ကျည်းပင်တစ်ပင်ရဲ့အကျိုးကျေးဇူး

**စကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ရိုးရာအဆင်များဖြင့် ပေါ်လွင်လှပနေသောဖိနပ်လေးများ

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကျောက်ကြီးတောင်သို့ အလည်တစ်ခေါက်

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
အစာအိမ်အကြောင်းသိကောင်းစရာ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ "ရသစုံစွာ ဤမြေကမ္ဘာ"
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၁၅ ကာတာကမ္ဘာ့ဖလား (Hightlights)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၅:၄၅ "ကာတာကမ္ဘာ့ဖလား" (ပွဲကြိုသုံးသပ်ချက်)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၂၁:၄၅ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ" (၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ)(အပိုင်း-၂)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "တစ်လင်နှင့်တစ်မယား"
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၅)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၃၀ "အတွေးအမြင်" (အပိုင်း-၅)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၀၆:၂၅ အထွက်နှုန်းပိုတိုးဖို့ စမ်းသပ်စိုက်ပျိုးစို့
- ၀၆:၅၀ ကမ္ဘာ့ဝန်းကျင် ဇီဝမျိုးကွဲစုံလင်
- ၀၇:၀၀ ကျေးလက်ကွန်ရက်
- ၀၇:၅၀ ရေအစက်ချစိုက်ပျိုးခြင်း
- ၀၈:၂၀ ပွင့်ဖြူမြို့မှ စပ်မျိုးစပါး
- ၀၈:၅၅ သိုလှောင်စဉ်လေလွင့်မှုနည်းစေရန် သီးနှံမျိုးစေ့များတွင်ရှိသင့်သည့်အစိုဓာတ်တိုင်းတာနည်း

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ ရင်ခုန်ခံစားကာတာကမ္ဘာ့ဖလား / Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၁၅:၂၀ 2022 World Cup Hightlight/ ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

*စာမျက်နှာ ၁၈ မှ*

အားကစားသမားများကို ဆုကြေးငွေများ ထိုက်ထိုက်တန်တန်ပေးအပ်ချီးမြှင့်လျက်ရှိရုံမက နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက်လည်း စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရသည်။ လာမည့် ၂၀၂၃ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် လျာထားသည့်အားကစားနည်းများအနက်မှ ဘော်လီဘော၊ ဝူရှူး၊ ပြေးခုန်ပစ်နှင့် လက်ဝှေ့အားကစားနည်းများမှ အုပ်ချုပ်/နည်းပြနှင့် အားကစားသမားစုစုပေါင်း ၁၀၁ ဦးတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ပူးတွဲလေ့ကျင့်မှုပြုလုပ်ရန် ပထမသုတ်အဖြစ် ယခုနိုဝင်ဘာလအတွင်း စေလွှတ်ရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ မြန်မာ့ဘောလုံးအားကစားလောက အဆင့်အတန်းဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုစေရန်နှင့် မျိုးဆက်သစ်ဘောလုံးအားကစားသမားများပေါ် ထွက်လာစေရန်ရည်ရွယ်၍ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၆ နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲကို ပြီးခဲ့သည့် အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ၌ ကျင်းပပေးခဲ့ရာ မကွေးတိုင်းဒေသကြီးအသင်းက ပထမ၊ ကချင်ပြည်နယ်အသင်းက ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက တတိယ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက စတုတ္ထဖြင့် ဆုများရယူဆွတ်ခူးသွားခဲ့ကြသည်။

အားကစားဝါသနာရှင် မျိုးဆက်သစ်လူငယ်များအတွက် မင်္ဂလာရှိသော သတင်းကောင်းတစ်ခုပါပေ။ မျက်မှောက်ကာလတွင် အားကစားသည် ကျွန်တော်တို့ခေတ် ငယ်စဉ်ကလို အားမှကစားရသည့်ဝါသနာရှင်အပျော်တမ်းသက်သက်မဟုတ်တော့။ ဘဝရပ်တည်ရေးအတွက်အသက်မွေးဝမ်းကျောင်းနိုင်သည့် ပရော်ဖက်ရှင်နယ်အဆင့် ဖြစ်လာသည်။ လတ်တလောမှာပင် မြန်မာ့လက်ရွေးစင် ဘောလုံးသမားအများစုသည် အိမ်နီးချင်း ပြည်ပကလပ်အသင်းများတွင် ဆုကြေးစားသွားရောက်ကစားနေကြသည်။ အမျိုးသမီးလက်ရွေးစင် ဘောလုံးသမားအချို့နှင့် ဘော်လီဘောအားကစားသမားအချို့လည်း ပြည်ပထွက် ကစားလျက်ရှိသည်။

သို့ဖြင့် အားကစားကို ဝါသနာရှင်အဆင့်မှ ပရော်ဖက်ရှင်နယ်အဆင့်အထိ တက်လှမ်းနိုင်ရန် ငယ်စဉ်ကတည်းက စနစ်တကျလေ့လာသင်ယူသင့်ပါသည်။ ရပ်မိရပ်ဖ လူကြီးမိဘများအနေဖြင့်လည်း ကျွန်တော်တို့ငယ်စဉ်ကလိုပင် ရပ်ကွက်အတွင်းရှိ ကလေးသူငယ်၊ လူငယ်လူရွယ်များကို ငယ်စဉ်ကတည်းက အားကစားဝါသနာပါအောင် ဦးစီးဦးဆောင်ပြု၍ မြေတောင်မြှောက် ပျိုးထောင်ပေးသင့်ပါသည်။

မြန်မာအားကစား တိုးတက်မြင့်မားရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက်ဆိုပါလျှင် ပိရမစ်အသွင် အောက်ခြေမှ ကျယ်ပြန့်စွာ အခြေတည် တည်ဆောက်ကြရပေမည်။ သို့အတွက် လူထုတစ်ရပ်လုံးပါဝင်သည့် လူထုအားကစားကို တစ်ခေတ်ဆန်းသစ်စေချင်ပါသည်။

တစ်ချိန်က ရွှေခေတ်မြန်မာလက်ရွေးစင်ဘောလုံးအသင်း၏ ဘယ်တောင်ပံတိုက်စစ်မှူး ဘပု(ဦး)သည် ငယ်စဉ်က ကတ္တရာလမ်းပေါ်တွင် ဘောလုံးကစားရင်း အောင်မြင်ကျော်ကြားသော မြန်မာ့လက်ရွေးစင် ဘောလုံးသမားတစ်ဦးဖြစ်လာခဲ့သည် မဟုတ်ပါလား။ ။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁-၁၂-၂၀၂၂

### ရွှေ

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၀၉၁၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၀၈၂၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၇၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၇၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၈၀ ကျပ် | ၂၄၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၅၅ ကျပ် | ၂၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၆၅ ကျပ် | ၂၀၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၄၀ ကျပ် | ၂၀၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၁၉၁ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၄၅ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၀ . ၀၀၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၃၉ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၆ . ၄၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၆ . ၃၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၈၃၇ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၁၁ | ၁၀၀၁၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၃၆၄ | ၁၂၀၁၂၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၄၈ | ၃၆၉၆၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၅၉၆ | ၁၇၁၁၆၂၀၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၃ | ၇၉၅၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၆၀၂ | ၁၅၉၅၃၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၂၅ | ၁၂၂၅၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပွဲကြိုသုံးသပ်ချက်

ဒီဇင်ဘာ ၂ ရက်မှာ အုပ်စု (ဆ) နဲ့ (ဇ) မှ ကမ္ဘာ့ဖလား အုပ်စုနောက်ဆုံး ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစား သွားမှာဖြစ်ပြီး နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ် ပွဲစဉ်တွေ ပါဝင်နေပါတယ်။

| ကမ္ဘာ့ဖလားပွဲစဉ် (၃) | |
|---|---|
| ၂-၁၂-၂၀၂၂ | သောကြာနေ့ |
| ဂါနာ - ဥရုဂွေး | ည ၉း၃၀ |
| တောင်ကိုရီးယား-ပေါ်တူဂီ | ည ၉း၃၀ |
| ကင်မရွန်း - ဘရာဇီး | နံနက် ၁း၃၀ |
| ဆားဘီးယား - ဆွစ်ဇာလန် | နံနက် ၁း၃၀ |



# အုပ်စုတွင်း နောက်ဆုံးပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

### လင်းလက်ကြယ်

ကူဒုစ် (၂၂ နှစ်)



ဂါနာ (ကွင်းလယ်)

၂၀ ပွဲကစား ၁၁ ဂိုးသွင်း

## ဂါနာ VS ဥရုဂွေးအသင်းအခြေအနေ

နောက်တစ်ဆင့်တက်ရေး အမှားခံလို့မရတဲ့ပွဲစဉ်ဖြစ်ပြီး ဂါနာအသင်းထက် ဥရုဂွေးအသင်းက စုဖွဲ့မှုပိုင်းမှာ သာလွန်နေတာ တွေ့ရတယ်။ သို့ပေမယ့် လက်ရှိအချိန်အထိ နိုင်ပွဲမရရှိသေးတဲ့ ဥရုဂွေးအသင်းအတွက် နိုင်ပွဲရရှိခဲ့ရင်တောင် တစ်ဖက်အသင်းရဲ့ ရလဒ်ကို ကြည့်ရဦးမှာဖြစ်တယ်။ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်မရှိတဲ့ အခြေအနေမှာ ဂါနာအသင်းရဲ့ မာကျောတဲ့ကစားပုံအောက်မှာ ယခင်ပွဲစဉ်တွေကထက် သာလွန်တဲ့ ခြေစွမ်းမပြသနိုင်ခဲ့ရင် ယခုနှစ် ကမ္ဘာ့ဖလားကို အုပ်စုအဆင့်နဲ့သာ လက်ပြရဖွယ်ရှိတယ်။

ကာဗာနီ (၃၅ နှစ်)



ဥရုဂွေး (တိုက်စစ်)

၁၃၅ ပွဲကစား ၅၈ ဂိုးသွင်း

ချိုဂီဆောင်း (၂၄ နှစ်)



တောင်ကိုရီးယား (တိုက်စစ်)

၁၈ ပွဲကစား ၆ ဂိုးသွင်း

## တောင်ကိုရီးယား VS ပေါ်တူဂီအသင်းအခြေအနေ

ပေါ်တူဂီအသင်းက နောက်တစ်ဆင့်တက်ရောက်ထားနိုင်ပြီဆိုပေမယ့် တောင်ကိုရီးယားအသင်းက မဖြစ်မနေနိုင်ပွဲရရှိဖို့ လိုအပ်နေတယ်။ ဂါနာအသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်မှာ တောင်ကိုရီးယားအသင်းရဲ့ကစားပုံကောင်းမွန်မှုရှိတယ်။ ယခုပွဲစဉ်မှာ ပေါ်တူဂီလို အသင်းကြီးကို ရင်ဆိုင်ကစားရမှာဖြစ်တာကြောင့် တောင်ကိုရီးယားအသင်း အနေနဲ့ ကျစ်လျစ်တဲ့ကစားဟန်နဲ့ တိုက်စစ်ပိုင်းအဆုံးသတ်သေချာမှသာလျှင် ရလဒ်ကောင်းရရှိဖွယ်ရှိတယ်။ ပေါ်တူဂီအသင်းထက် တောင်ကိုရီးယားရဲ့ ရှန်းအားကိုကြည့်ရမယ်။

ဖာနန်ဒက်စ် (၂၈ နှစ်)



ပေါ်တူဂီ (ကွင်းလယ်)

၅၁ ပွဲကစား ၁၃ ဂိုးသွင်း

အဘူဘက္ကာ (၃၀ နှစ်)



ကင်မရွန်း (တိုက်စစ်)

၉၃ ပွဲကစား ၃၄ ဂိုးသွင်း

## ကင်မရွန်း VS ဘရာဇီးအသင်းအခြေအနေ

ဆားဘီးယားကို တစ်ဖက်သုံးဂိုးစီသရေကျခဲ့တဲ့ ကင်မရွန်းအသင်းရဲ့ခြေစွမ်း ကောင်းမွန်မှုရှိပေမယ့် တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းနဲ့ အသင်းဖွဲ့စည်းမှုပိုင်း သာလွန်တဲ့ ဘရာဇီးအသင်းကို ကျော်ဖြတ်ဖို့ လုံလောက်မှုမရှိသေးဘူးလို့ ဆိုနိုင်တယ်။ သို့သော်ငြား နောက်တစ်ဆင့်တက်ရေးအတွက် နိုင်ပွဲရရှိရေးကိုသာ ဦးတည်လာမယ့် ကင်မရွန်းအသင်းရဲ့ ရှန်းအားကြောင့် ဘရာဇီးအသင်း အခက်တွေ့ဖွယ်ရှိပြီး သွင်းဂိုးရရှိဖို့ ရုန်းကန်ရနိုင်တယ်။ မည်သို့ပင်ဆိုစေ ဘရာဇီးအသင်းကို ကင်မရွန်းအသင်း အမြင့်ဆုံးသရေသာ ရဖွယ်ရှိတယ်။

ကက်စမဲရိုး (၃၀ နှစ်)



ဘရာဇီး (ကွင်းလယ်)

၆၇ ပွဲကစား ၆ ဂိုးသွင်း

မီထရိုဗစ် (၂၈ နှစ်)



ဆားဘီးယား (တိုက်စစ်)

၃၃ ပွဲကစား ၃ ဂိုးသွင်း

## ဆားဘီးယား VS ဆွစ်ဇာလန်အသင်းအခြေအနေ

ယခုပွဲစဉ်နိုင်ရင် ဆွစ်ဇာလန်အသင်းက နောက်တစ်ဆင့် တက်ရောက်နိုင်မှာဖြစ်ပေမယ့် ဆားဘီးယားအသင်းကလည်း မျှော်လင့်ချက်ရှိနေပါသေးတယ်။ နှစ်သင်းစလုံး ရမှတ်အပြည့်ရရှိဖို့ ခြေကုန်ထုတ်လာမှာဖြစ်ပေမယ့် ဆားဘီးယားအသင်းရဲ့ ကစားပုံအောက်မှာ ဆွစ်ဇာလန်အသင်း ကစားပုံဟန်ချက်ပြက်ခဲ့ရင် အုပ်စုအဆင့်နဲ့သာ လက်ပြရမယ့် အခြေအနေရှိတယ်။ ဒါပေမယ့် ဆားဘီးယားအသင်းထက် နောက်တစ်ဆင့်တက်ရေးရင်အေးဖို့ ကြိုးစားလာမယ့် ဆွစ်ဇာလန်အသင်း အောင်ပွဲခံသွားနိုင်တယ်။

ရှာကာ (၃၀ နှစ်)



ဆွစ်ဇာလန် (ကွင်းလယ်)

၁၀၉ ပွဲကစား ၁၂ ဂိုးသွင်း

### ကမ္ဘာ့ဖလား အုပ်စု (ဂ) ပွဲစဉ် (၃) အပြီး ရပ်တည်မှု

| စဉ် | အမည် | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | အာဂျင်တီးနား | ၃ | ၂ | ၀ | ၁ | ၆ |
| ၂။ | ပိုလန် | ၃ | ၁ | ၁ | ၁ | ၄ |
| ၃။ | မက္ကဆီကို | ၃ | ၁ | ၁ | ၁ | ၄ |
| ၄။ | ဆော်ဒီအာရေဗျ | ၃ | ၁ | ၀ | ၂ | ၃ |

### ကမ္ဘာ့ဖလား အုပ်စု (ဃ) ပွဲစဉ် (၃) အပြီး ရပ်တည်မှု

| စဉ် | အမည် | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ပြင်သစ် | ၃ | ၂ | ၀ | ၁ | ၆ |
| ၂။ | သြစတြေးလျ | ၃ | ၂ | ၀ | ၁ | ၆ |
| ၃။ | တူနီးရှား | ၃ | ၁ | ၁ | ၁ | ၄ |
| ၄။ | ဒိန်းမတ် | ၃ | ၀ | ၁ | ၂ | ၁ |

## အုပ်စု (ဂ) မှ နောက်ဆုံးပွဲစဉ်များတွင် အာဂျင်တီးနား၊ မက္ကဆီကိုအသင်းတို့ နိုင်ပွဲရ

ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းက ကမ္ဘာ့ဖလားအုပ်စု (ဂ) မှ နောက်ဆုံးပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်တီးနားနှင့် မက္ကဆီကိုအသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

ပိုလန်နှင့် အာဂျင်တီးနားအသင်းတို့ပွဲစဉ်တွင် အာဂျင်တီးနားအသင်းက ပွဲချိန် ၄၆ မိနစ်နှင့် ၆၇ မိနစ်တို့တွင် အလစ္စတာနှင့် အယ်ဗာရက်ဇ်တို့၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ အာဂျင်တီးနားအသင်းသည် ယခုအနိုင်ပွဲကြောင့် ရမှတ် ခြောက်မှတ်နှင့်အတူ အုပ်စုပထမဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သော ပိုလန်အသင်းသည် သုံးပွဲကစားပြီး မက္ကဆီကိုအသင်းနှင့် ရမှတ် လေးမှတ်တူ ဂိုးကွာခြားချက်ဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည်။

ဆော်ဒီအာရေဗျနှင့် မက္ကဆီကိုအသင်းတို့ပွဲစဉ်တွင် အကြိတ်အနယ်ရှိခဲ့ပြီး မက္ကဆီကိုအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မက္ကဆီကိုအသင်းသည် ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့သော်လည်း ဂိုးကွာခြားချက်ကြောင့် နောက်တစ်ဆင့် တက်ရောက်ခွင့်နှင့် လွဲချော်ခဲ့ရသည်။

သွင်းဂိုးများကို မက္ကဆီကိုအသင်းက ပွဲချိန် ၄၇ မိနစ်နှင့် ၅၂ မိနစ်တွင် မာတင်နှင့် ချဗက်ဇ်တို့က သွင်းယူပေးခဲ့သည်။ ဆော်ဒီအာရေဗျအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို နာကျင်အချိန်ပိုတွင် အယ်ဒေါ်ဆရီက သွင်းယူပေးခဲ့သည်။

## စီရော်နယ်ဒိုက ၎င်း၏အနာဂတ်နှင့်ပတ်သက်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲပြီးမှသာ ဆုံးဖြတ်သွားမည်ဟုဆို



အသက် ၃၇ နှစ်အရွယ် တိုက်စစ်မှူး စီရော်နယ်ဒိုကို မြောက်မြားသော ငွေကြေးများဖြင့် ကမ်းလှမ်းခြင်းခံရသော်လည်း ကစားသမား၏ အနာဂတ်နှင့်ပတ်သက်ပြီး ပေါ်တူဂီအသင်းနှင့် ပတ်သက်မှုမရှိကြောင်း အသင်းဖော် အန်ဒရီဆေးလ်ဗားက ပြောသည်။ စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းအတွက် အလွန်အရေးပါသော ကစားသမားတစ်ဦးဖြစ်ကြောင်း၊ အသင်းတွင် ၎င်းရှိနေခြင်းက စုဖွဲ့မှုပိုင်းကို ပိုမိုအားကောင်းကြောင်း ၎င်းက ပြောသည်။

မကြာသေးမီက မန်ယူအသင်းနှင့် နည်းပြအပေါ် လေးစားမှုမရှိဟုဆိုသော အငြင်းပွားဖွယ်အင်တာဗျူးတစ်ခု ထွက်ပေါ်လာပြီးနောက် စီရော်နယ်ဒိုနှင့် မန်ယူအသင်းကြား နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်းလိုက်ကြောင်း သိရသည်။ ထို့ကြောင့် စီရော်နယ်ဒိုသည် လက်ရှိတွင် အသင်းလက်မဲ့နေသူ ဖြစ်သည်။

ထို့အပြင် နိုဝင်ဘာ ၃၀ ရက်တွင် ဆော်ဒီအာရေဗျကလပ် အယ်နက်ဆာအသင်းက တစ်နှစ်လျှင် ပေါင်သန်း ၁၀၀ နှင့်အတူ သုံးနှစ်ခွဲစာချုပ်ဖြင့် စီရော်နယ်ဒိုအား ကမ်းလှမ်းထားသည်ဟု သတင်းများကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်ထားသည်။

သို့သော်လည်း စီရော်နယ်ဒိုသည် ၎င်း၏ အနာဂတ်နှင့်ပတ်သက်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲပြီးမှသာ ဆုံးဖြတ်သွားဖွယ်ရှိသည်။ ပေါ်တူဂီအသင်းသည် ကမ္ဘာ့ဖလားအုပ်စုတွင်းနောက်ဆုံးပြိုင်ပွဲ မကစားမီတွင် ရှုံးထွက်အဆင့်သို့ တက်ရောက်ထားနိုင်သည်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၈၃ ဆူ | ၂၃၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၅ ခန်း | ၃၉၀ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၂ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၅ ကျင်း | ၂၀၅၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၅ ကျင်း | ၁၉၃. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၉ ကျင်း | ၁၅၉၇. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၇၄ စုံ | ၂၂၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၄၅)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် ထီပေါက်စဉ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့ *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

က - ၆၁၂၃၃၈

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ခ - ၈၂၁၅၅၀

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

င - ၆၇၂၅၉၅ စ - ၇၉၄၁၆၄

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၅၀၀) ဆု (၁)ဆု

ဆ - ၆၇၆၆၂၆

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

ဃ - ၂၄၁၇၉၇

က - ၆၇၅၁၈၈

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ည - ၁၂၅၁၉၅ ည - ၃၉၉၁၂၆ ဇ - ၅၈၈၄၄၆

င - ၃၂၉၄၅၀ က - ၅၇၆၅၁၆ ဈ - ၈၇၇၄၅၀

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၁၀၀) ဆု (၁)ဆု

ဃ - ၇၆၃၀၇၇

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

စ - ၁၉၆၂၈၉ ဆ - ၆၂၆၂၇၆

ည - ၃၀၄၃၅၆ ဃ - ၆၅၉၈၅၄

စ - ၄၃၇၁၀၇ ဈ - ၉၁၁၆၃၇

ည - ၆၀၈၈၁၇ ည - ၉၆၂၆၄၃

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများ အပါအဝင်) အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၅၀) ဆု (၁)ဆု

ဈ - ၉၇၁၄၇၅

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ခ - ၁၀၁၆၉၀ ဈ - ၅၄၁၃၄၆

စ - ၁၀၇၃၇၄ ဇ - ၆၃၈၈၆၅

င - ၁၉၄၃၈၉ ဆ - ၇၆၇၂၃၀

